မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထူထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၃၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟိုင်းကြီးကျွန်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အလေးထားလုပ်ကိုင်

တစ်သီးစား စိုက်ပျိုးမှုမှ နှစ်သီး၊ သုံးသီး သီးထပ် စိုက်ပျိုးနိုင်အောင်ကြိုးပမ်းရန်၊ ရေလုပ်ငန်း အရှိန်အဟုန်ဖြင့်ဆက်လက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန်၊ ဆားလုပ်ငန်းကို ရည်မှန်းချက်ရှိရှိ ဖွံ့ဖြိုး တိုးတက်လာရေးအတွက် လိုအပ်သော အရင်းအနှီးနှင့် ပစ္စည်းများ ထောက်ပံ့ဖြည့်ဆည်းပေးရန်နှင့် ကျေးရွာများ စည်ပင်သာယာရေးကို အလေးထား လုပ်ကိုင်။

ဒေသတွင်းဖွံ့ဖြိုးရေး ကွန်ရက်လမ်းသစ်များကို ရေရှည်အကျိုးမျှော်ကိုး၍ ဖောက်လုပ်ပေးနေ

ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်မှုလွယ်ကူလျှင် စီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်လာနိုင်

စီးပွားရေးတိုးတက်မှုရှိမှသာ ပြည်သူများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတည်တံ့မည်

ပြည်သူများက နိုင်ငံတော်၏စေတနာနှင့် ရည်မှန်းချက်ကို မှန်ကန်စွာနားလည်ပြီး ကြိုးစားလုပ်ကိုင်

နေပြည်တော် နိုဝင်ဘာ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုအားပေးရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်စလူမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ခုနှစ် နိုဝင်ဘာ ၄ ရက်)

မုန်တိုင်းသင့်ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး စိုက်ပျိုးရေး၊ သားငါးကဏ္ဍ အရှိန်အဟုန်မြှင့်ဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများဖြစ်သည့် ဘိုကလေးမြို့နယ်နှင့် ဖျာပုံမြို့နယ်များသို့ နိုဝင်ဘာလ ၂ရက်နေ့ကသွားရောက်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် ဘိုကလေးမြို့နယ် ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် စိုက်ပျိုးရေးနှင့် သားငါးကဏ္ဍများ အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး၊ မုန်တိုင်းသင့်သော ကျေးရွာများကို ပြန်လည်ထူထောင်ရာ၌ စနစ်တကျ စည်ပင်သာယာဖွံ့ဖြိုးလာရေး၊ နောင်အခါ၌ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက အရံအတားဖြစ်စေရေးအတွက် လေကာသစ်ပင်များကို သစ်တောအုပ်များသဖွယ် ဖြစ်ပေါ်လာရန် စိုက်ပျိုးထူထောင်ရေး၊ အရေးပေါ် သက်ကယ်ကုန်းများ တည်ဆောက်ပြီးစီးရေးနှင့် အခြားပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အချိန်မီ အပြီးသတ်တည်ဆောက်ရေး မှာကြားခဲ့ပေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စက်ဆန်း၊ ကြိမ်ချောင်း၊ ကဒုံကနီ၊ အမာစသည့် ကျေးရွာများ၏ ပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ လမ်းများဖောက်လုပ်ထားမှု၊ စပါးနှင့်အခြားသီးနှံအောင်မြင်ဖြစ်ထွန်းမှုအခြေအနေနှင့် ဒီရေတောများ အခြေအနေတို့ကို ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ယင်းနေ့တွင်ပင် ဖျာပုံမြို့နယ်မှ ဒမင်းဆိပ်ကျေးရွာသို့ရောက်ခဲ့ပြီး ဒမင်းဆိပ်ကျေးရွာတွင် Cyclone Shelter များ တည်ဆောက်ထားပြီး ဒမင်းဆိပ်ကဲ့သို့ အခြားတည်ဆောက်လျက်ရှိသော Cyclone Shelter များကို လာမည့်နှစ် မတ်လထက် နောက်မကျစေဘဲ ခိုင်ခံ့စွာတည်ဆောက်ရန် မှာကြားခဲ့သည်။

မုန်တိုင်းဒဏ် ပြင်းထန်စွာခံစားခဲ့ရသော ဧရာဝတီတိုင်းပြည်သူများအား တစ်နိုင်ငံလုံးက အမျိုးသားရေးလုပ်ငန်းအဖြစ်ခံယူကာ ဝိုင်းဝန်းကူညီစောင့်ရှောက်ခဲ့ကြပြီး နိုင်ငံတော်ကလည်း စေတနာသဒ္ဓါတရားဖြင့် ကူညီစောင့်ရှောက်မှုများ ပြုခဲ့သည်။

နိုင်ငံတော်အစိုးရသည် နောင်၌ နာဂစ်မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်နိုင်ရန် လမ်းပန်းဆက်သွယ်ရေးအပါအဝင် လိုအပ်သောအခြေခံအဆောက်အအုံများကို တည်ဆောက်ပေးထားသည်။

လေဘေးဒဏ်ခံစားခဲ့ကြရသော ဧရာဝတီတိုင်းပြည်သူများအား နိုင်ငံတော်အစိုးရက အမျိုးသားရေးလုပ်ငန်းအဖြစ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပုံမှန်ပြန်လည်ရောက်ရှိနေပြီ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၄-၁၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မေးမြန်းစုံစမ်း
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၃၀ ၉။ ကျန်းမာသုတ
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ Mail Box
၆:၃၅ ၁၄။ ကာတွန်းအစီအစဉ် **မော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၁၉)
၆:၄၅ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၁၅)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဖြေလိုက်ပါ
၂၂။ အိုင်စီတီသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှားပစ်မှတ်များ** (အပိုင်း-၁၂)

မြန်မာ-လာအို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ ပဉ္စမအကြိမ် မူဝါဒရေးရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဘွန်ခတ်ဆန်ဆွန်မ်ဆက်ခ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ-လာအို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ၏ ပဉ္စမအကြိမ်မြောက် မူဝါဒရေးရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် အောက်တိုဘာ ၂၉ရက် ညနေပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

ညောင်ဦးမြို့သို့ထွက်ခွာ

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Kouily A.SOUPHAKHET လိုက်ပါလျက် အောက်တိုဘာ ၃၀ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ညောင်ဦးမြို့သို့ ထွက်ခွာခဲ့သည်။

အမြင်ချင်းဖလှယ်

မြန်မာ-လာအိုနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ၏ ပဉ္စမအကြိမ်မြောက် မူဝါဒရေးရာ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃၀ရက် မွန်းလွဲပိုင်းက ပုဂံမြို့ရှိ ပုဂံဟိုတယ်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဘွန်ခတ်ဆန်ဆွန်မ်ဆက်ခ် ဦးဆောင်သည့် လာအိုကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြပြီး **(အပေါ်ပုံ)** နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့တို့အကြား နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်း အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဂုဏ်ပြုညစာတည်ခင်း

ယင်းနေ့ညနေပိုင်းတွင် ပုဂံနန်းမြင့်မျှော်စင်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ပုဂံမြို့သို့ ရောက်ရှိနေစဉ် ရွှေစည်းခုံစေတီတော်၊ အာနန္ဒာစေတီတော်၊ ဆင်များရှင်ဘုရားနှင့် ဖူးဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁ရက် ညနေပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

(သတင်းစဉ်)

ဆန်စပါးကုန်သည်များအသင်း စုပေါင်းအလှူပွဲ ကျင်းပ

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၃

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်း အသင်းသူ အသင်းသားများနှင့် မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးကုန်သည်များအသင်း အသင်းသူ အသင်းသားများ၏ စုပေါင်းအလှူပွဲကို နိုဝင်ဘာ ၁ရက်က မော်လမြိုင်ကျွန်းမြို့နယ် ကမ်းနားကျောင်းတိုက်၌ ကျင်းပသည်။

ယင်းစုပေါင်းအလှူပွဲတွင် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် အသင်းသူ အသင်းသားများ၊ မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးလှရွှေနှင့် အသင်းသူ အသင်းသားများက ကျပ်သိန်း ၆၀၀ကျော်ဖြင့် စုပေါင်းအလှူပွဲ ကျင်းပသည်။ (၁၄၂)

တွန်းဇန်စည်ပင် ရေလှောင်ကန်နှင့် ပိုက်လိုင်းသွယ်တန်း

တွန်းဇန် နိုဝင်ဘာ ၃

တွန်းဇန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့်တည်ဆောက်သော ရေဂါလန် ၁၂၀၀ဆံ့ ရေလှောင်ကန်နှင့် ပိုက်လိုင်း မရောက်သေးသည့် အိမ်စုများသို့ ပိုက်သွယ်တန်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၀ရက်က ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

စာအုပ်စာပေ လူ့မိတ်ဆွေ

Diploma in Software Engineering သင်တန်းဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၃

Myanmar Professionals Education Centre မှ မလေးရှားနိုင်ငံ Cambridge ICT မှ ပေးအပ်သည့် CICT Diploma in Software Engineering သင်တန်းကို ၂၀၀၉ခုနှစ် နိုဝင်ဘာလတွင် တန်းခွဲသစ် ဖွင့်လှစ်မည်ဖြစ်သည်။

တက်ရောက်နိုင်

Computer အခြေခံရှိရုံဖြင့် တက်ရောက်နိုင်မည်ဖြစ်ပြီး သင်တန်းကာလကိုးလသာကြာမြင့်မည်ဖြစ်ကာ Software Engineering နှင့်သက်ဆိုင်သော အဓိကဘာသာရပ်ခြောက်ခုနှင့် လက်တွေ့လုပ်ငန်းခွင်အသုံးချ Project တစ်ခုကိုပါ ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်သည်။ သို့ဖြစ်၍ ပြည်တွင်းမှာပင် နိုင်ငံတကာအဆင့်မီ Diploma တစ်ခုကို ရယူပိုင်ဆိုင်နိုင်မည်ဖြစ်သလို ပညာဆက်လက်သင်ကြားလိုသူများအနေဖြင့်လည်း IT နှင့်ပတ်သက်သော Bachelor Degree များအထိ အချိန်တိုအတွင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

လေ့ကျင့်သင်ကြား

သင်တန်းကို IT Industry တွင် သင်ကြားမှုအတွေ့အကြုံသာမက လုပ်ငန်းခွင်အတွေ့အကြုံရင့်ကျက်သော ဆရာ ဆရာမများဦးစီး၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းပြီးဆုံးသူများအနေဖြင့် IT Industry တွင် ကျွမ်းကျင်ပြီး အရည်အချင်းပြည့်ဝသော Software Engineer တစ်ဦးအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်သည်။

စုံစမ်းနိုင်

သင်တန်းသို့ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ သင်တန်းကြေးကို အရစ်ကျပေးသွင်းနိုင်ရန် စီစဉ်ထားရှိပြီး အသေးစိတ်အချက်အလက်များကို Myanmar Professionals Education Centre (MPEC) အမှတ် ၁၁၂ အခန်း(၁၁၊၁၂) ၈မိုင် ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉၊ ၆၅၀၁၂၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေကျင်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေကျင်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၃

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် နိုဝင်ဘာ ၂ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး၌ အမှတ်(၄)တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရွှေကျင်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရှုရပ်မှ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် စီမံကိန်းညွှန်ကြားရေးမှူးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများ၊ အဓိကပံ့ပိုးပစ္စည်းများရရှိမှုနှင့် ပြည်ပမှ ပစ္စည်းများ ရောက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေး၍ လုပ်ငန်းတစ်ခုချင်းအလိုက် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် Ogee & Bidge လုပ်ငန်းပိုင်း၊ Chute Protion လုပ်ငန်းပိုင်းနှင့် Stilling Basin လုပ်ငန်းပိုင်းများ ဆောင်ရွက်ထားရှိမှု၊ ပင်မတမံ မြေဖို့ခြင်းလုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှု၊ ရေယူအဆောက်အအုံ Gate တံခါးများ တပ်ဆင်နေမှု၊ မြစ်ရေလွှဲထားမှုနှင့်တမံမြေကြီး ကျောက်သားဖို့ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာကွန်ပျူတာ သတင်းအချက်အလက်စစ်တမ်း သုံးသပ်တင်ပြခြင်းနှင့်ဆုပေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာသတင်းအချက်အလက်နှင့် ကွန်ပျူတာနည်းပညာစစ်တမ်းများ ကောက်ယူရရှိမှု အခြေအနေ၊ စစ်တမ်းရလဒ်များ သုံးသပ်တင်ပြခြင်းနှင့် ဆုပေးပွဲကို ယနေ့နံနက်က ရန်ကုန်မြို့ တက္ကသိုလ်များနယ်မြေ(လှိုင်နယ်မြေ)ရှိ မြန်မာအင်ဖိုတက်ခ် အစည်းအဝေးခန်းမ အမှတ်(၂၀၅)၌ ကျင်းပသည်။

မိတ်ဆက်

အခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက အိုင်တီစစ်တမ်းကောက်ယူခြင်း အကြောင်းရင်းနှင့်ပတ်သက်၍ မိတ်ဆက်အမှာစကားပြောကြားပြီး Novel Light Media Ltd. မှ တာဝန်ရှိသူများက မြန်မာအိုင်စီတီ လက်ရှိအခြေအနေများ၊ မြန်မာနိုင်ငံတွင် အိုင်စီတီအသုံးချမှု အခြေအနေများ၊ ကွန်ပျူတာ၊ အင်တာနက်နှင့် မိုဘိုင်းလ်တယ်လီဖုန်းသုံးစွဲမှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် ရောက်ရှိနေသော နိုင်ငံတကာ ကွန်ပျူတာအမှတ်တံဆိပ်များ၊ မိုဘိုင်းတယ်လီဖုန်း အမှတ်တံဆိပ်များနှင့် ဈေးကွက်ပိုင်ဆိုင်မှုများ၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများနှင့် ဈေးကွက်ဆိုင်ရာ အခြေအနေများ၊ ကောက်ယူရရှိသည့် အချက်အလက်များနှင့်တကွ ရှင်းလင်းပြောကြားသည်။

ရွေးချယ်

ထို့နောက် မြန်မာ အိုင်စီတီစစ်တမ်းကောက်ယူမှုတွင် ပါဝင်ဖြေဆိုခဲ့ကြသူများအနက်မှ ကံထူးရှင်များကို ရွေးချယ်ဆုပေးပွဲကျင်းပရာ ပထမဆု ဒေါ်လာ ၆၅၀ တန် နုတ်ဘုတ်ကွန်ပျူတာကို မခင်ခင်ထွဋ်(၂၀၂၂၄)ကလည်းကောင်း၊ ဒုတိယဆု ဒေါ်လာ ၅၀၀တန် နုတ်ဘုတ်ကွန်ပျူတာကို မဖြိုးဝေခိုင်(၁၈၉၉၁) ကလည်းကောင်း၊ တတိယဆု ဒေါ်လာ ၃၀၀တန် နုက်ဘုတ်ကွန်ပျူတာကို ဒေါက်တာခိုင်မေဇော်(၈၀၁၃)ကလည်းကောင်း ရရှိသွားရာ ဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက ဆုများကို ချီးမြှင့်ပေးအပ်သည်။ ယနေ့ အိုင်စီတီ ကံထူးရှင်ဆုပေးပွဲတွင် အဆိုပါဆုများအပြင် ကျပ် ၃၀၀၀၀တန် ဆု ၁၀ဆုနှင့် ကျပ် ၂၀၀၀၀ တန် ဆု ၁၅ဆုတို့ကိုလည်း ရွေးချယ်ဆုပေးခဲ့ကြောင်း သိရသည်။

သုံးသပ်တင်ပြ

မြန်မာအိုင်စီတီစစ်တမ်းအတွက် ပြီးခဲ့သည့် အောက်တိုဘာ ၁၅ရက်မှ ၁၈ရက်အထိ ကျင်းပခဲ့သော မြန်မာအိုင်စီတီပြပွဲ ၂၀၀၉တွင် လာရောက်လေ့လာကြည့်ရှုသူ ၂၈၀၀၀ကျော်ကို မေးခွန်း ၄၀ခန့် မေးမြန်းခဲ့သည်။ ထိုသို့မေးမြန်းရာမှ ပြန်လည်ရရှိသော အချက်အလက်များကို အခြေခံကာ မြန်မာအိုင်စီတီလောက၏ မျက်မှောက် လက်ရှိအနေအထားကို သုံးသပ်တင်ပြထားခြင်းဖြစ်သည်။ ***(မြန်မာ့အလင်း)***

တောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

ရန်ကုန် နိုဝင်ဘာ ၃

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက တစ်ပြည်လုံးတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

<u>နိုဝင်ဘာ ၄ ရက် ညနေအထိခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်</u> သာယာမည်။

အင်အားအသင့်အတင့် မြေငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၃

နိုဝင်ဘာ ၃ရက် မြန်မာစံတော်ချိန် ၄နာရီ ၈မိနစ် ၁၅စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက်မိုင် ၃၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ကပ္ပလီပင်လယ်ပြင်) တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ ၄အဆင့်ရှိ အင်အားအသင့်အတင့်ရှိသောမြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ *(သတင်းစဉ်)*

မိတ္ထီလာစက်မှုလက်မှုသိပ္ပံ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

မိတ္ထီလာစက်မှုလက်မှုသိပ္ပံ ၁၉၈၆-၂၀၀၀၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို နိုဝင်ဘာ ၁၄ရက်(စနေနေ့) ညနေ ၄နာရီခွဲတွင် မိတ္ထီလာမြို့ရှိ တော်ဝင်နန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများ ကန်တော့ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆင်နွှဲကြရန် ဖိတ်ကြားထားသည်။

အခမ်းအနားသို့ အဝေးဒေသ အသီးသီးတို့မှ ဆရာ ဆရာမကြီးများအတွက် ခရီးအသွား/အပြန် တည်းခိုရေးနှင့် စားသောက်ရေးတို့ကို ကြိုတင်စီစဉ်ပေးနိုင်ရေးအတွက် လှူဒါန်းလိုကြပါက မိတ္ထီလာမြို့မှ ကိုကျော်ဆွေ-မမျိုးမျိုး ဖုန်း-၀၉-၆၈-၀၄၂၇၅ နှင့် ၀၉-၂၂-၀၁၁၉၃၊ ကိုဇော်လတ် ဖုန်း-၀၆၄-၂၅၉၄၅၊ ကိုစောလှဖြူ-မစန်းစန်းဝါ ဖုန်း-၀၉-၂၂-၀၁၁၅၀ နှင့် ၀၉-၂၂-၀၁၃၅၁၊ ကိုလေးမြင့် ၀၉-၂၂-၀၀၉၇၁၊ ကိုစိုးလှိုင်ဦး ဖုန်း-၀၉-၆၅-၂၀၂၃၀နှင့် ကိုစိုးသန်း ဖုန်း-၀၉-၂၂-၂၅၆၅၄၊ ရန်ကုန်မြို့မှ ဒေါ်ခင်ခင်ဦး ဖုန်း-၀၉-၅၁-၃၈၄၉၆နှင့် ၀၅၆-၂၁၂၁၅၊ ဒေါ်သောင်းစိန် ဖုန်း-၀၉-၄၃-၃၉၆၁၇၆၊ ကိုဇော်လွင်သန်း-မခိုင်မျိုးကျော် ဖုန်း-၀၉-၅၀-၂၅၄၂၉၊ ၀၉-၅၀-၇၁၅၃၄နှင့် ၀၁-၂၄-၅၉၉၃၊ ကိုခင်မောင်သိန်း ဖုန်း-၀၉-၅၁-၉၅၇၀၁ နှင့် ကိုမြင့်ဦး ဖုန်း ၀၉-၅၁-၂၄၁၁၆ တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှု၊ The Emerald Sea Resort (Ngwe Saung Beach)၏ ပံ့ပိုးကူညီမှုတို့ဖြင့် စာရေးဆရာမဂျူးက သဘာဝအခြေခံခရီးသွား-စာရေးဆရာတစ်ဦး၏အမြင် (Eco-tourism; Perspective of a Writer) ခေါင်းစဉ်ဖြင့်ဟောပြောပွဲကို နိုဝင်ဘာ ၅ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်ရှိ အာရှပလာဇာဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြပြီး ဟောပြောပွဲများကို လတစ်လ၏ ပထမပတ် ကြာသပတေးနေ့တိုင်းတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာ့ဗိမာန်စာကြည့်တိုက်ဖွင့်လှစ်

လှည်းကူး နိုဝင်ဘာ ၃

လှည်းကူးမြို့နယ် ကံ့ကော်ကျွန်း တောရရိပ်သာ၌ နိုဝင်ဘာ ၁ရက် နံနက် ၉နာရီတွင် အလှူရှင် ဦးမောင်မောင်ကြီး-ဒေါ်ကျင်သန်း သမီး မမြတ်နှင်းခိုင်(အိုဆာကာ သောက်ရေသန့်မိသားစု)တို့ လှူဒါန်းသည့် ပညာ့ဗိမာန်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါစာကြည့်တိုက်အတွက် စာအုပ်စာစောင် လှူဒါန်းလိုသူများ အနေဖြင့် ဖုန်း-၆၆၂၀၀၉၊ ၆၂၉၂၉၂၊ ၀၉-၅၀-၀၁၀၈၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

လောကရွှေဆောင်စာကြည့်တိုက်ဖွင့် စာအုပ်၊ စာစောင်များလှူဒါန်းပွဲ ဒလမြို့နယ်၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကွဲလူးအိုင်ကျေးရွာ လောကရွှေဆောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၅ရက်က ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအေးသောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ထွေးချစ်၊ ကျေးရွာဥက္ကဋ္ဌဦးသောင်းတင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (အောက်ပုံ)

ရှင်းလင်းပြောကြား

ဆက်လက်ပြီး ဟောပြောပွဲနှင့် လှူဒါန်းပွဲကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးအေးသောင်းက စံ(၅)ချက်နှင့် ပြည့်စုံသည့် စာကြည့်တိုက်ဖြစ်ရေး၊ စာငှားစနစ်ကျင့်သုံးရေးလုပ်ငန်းများကို ဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က စာကြည့်တိုက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ အုပ်၂၀၀၊ ကျေးရွာပြည်သူများက ဗီရိုနှစ်လုံး၊ စားပွဲနှစ်လုံး၊ ခုံတန်းရှည်နှစ်လုံးတို့ကို လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

အယ်လ်ခိုင်ဒါ လက်နက်တိုက် ရီယတ်မြို့ အနီးတွေ့ရှိ

ရီယတ် နိုဝင်ဘာ ၃

ဆော်ဒီနိုင်ငံ ရီယတ်မြို့အနီး၌ အယ်လ်ခိုင်ဒါကွန်ရက်အဖွဲ့နှင့် ဆက်နွယ်သည့် လက်နက်တိုက်ကို ဆော်ဒီတာဝန်ရှိသူများက ရှာဖွေတွေ့ရှိခဲ့သည်ဟု နိုဝင်ဘာ ၂ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

တွေ့ရှိရ

အဆိုပါ လက်နက်တိုက်အတွင်း၌ တိုက်ခိုက်ရေးရိုင်ဖယ်သေနတ် ၃၀၀နီးပါးနှင့် ကျည်ဆန် ၄၁၀၀၀ခန့်ကို တွေ့ရှိရကြောင်း ဆော်ဒီတာဝန်ရှိသူများက ပြောကြားသည်။

ဖမ်းဆီး

ယင်း လက်နက်ခဲယမ်းများသည် ဩဂုတ်လအတွင်းက ဖမ်းဆီးထိန်းသိမ်းခဲ့သည့် အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့ဝင် ၄၄ဦးနှင့် ပတ်သက်နီးနွယ်လျက်ရှိသည်ဟု သိရသည်။ **(အင်တာနက်)**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ အပြည်ပြည်ဆိုင်ရာ နှင်းလျှောစီးပွဲတော်အတွက် ပြင်ဆင်မှုများပြုလုပ်နေစဉ် မိုးရွာသွန်းမှုကြောင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခဲ့ရာ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို နိုဝင်ဘာ ၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စီးပွားရေးစိန်ခေါ်မှုတစ်ရပ်အနေဖြင့် အကျိုးတူပူးပေါင်းရန် တရုတ်နှင့်အာဖရိကနိုင်ငံများ စီးပွားရေးဆိုင်ရာ ညီလာခံကျင်းပမည်

ပေကျင်း နိုဝင်ဘာ ၃

တရုတ်နိုင်ငံနှင့် အာဖရိကနိုင်ငံများ၏ စတုတ္ထအကြိမ်မြောက် စီးပွားရေးဆိုင်ရာညီလာခံကို နိုဝင်ဘာ ၈ရက်တွင် အီဂျစ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း ပေကျင်းအာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

တိုးမြှင့်လုပ်ဆောင်

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်နှင့် တရုတ်-အာဖရိကနိုင်ငံများ၏ အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ စီးပွားရေး စိန်ခေါ်မှုတစ်ရပ်အနေဖြင့် တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။

ပြောကြား

အဆိုပါအစည်းအဝေးသို့ တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင် တက်ရောက်မည်ဖြစ်ပြီး ၄င်းနိုင်ငံများ၏ အကျိုးတူလုပ်ဆောင်မှုများကို ၂၀၁၀ခုနှစ်မှ ၂၀၁၂ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ကျဲချီက ပြောကြားသည်။ (အင်တာနက်)

တရုတ်နိုင်ငံ ကျီကျင်းပြည်နယ် ဟန်ကျိုးမြို့တွင် (၁၀)ကြိမ်မြောက် တရုတ်လက်မှုပညာပြပွဲ၌ ပါဝင်ပြသထားသည့် ပန်းပုလက်ရာတစ်ခုကို နိုဝင်ဘာ ၃ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံအနှံ့၌ ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပေါ် တစ်ရက်အတွင်း အီရတ်ပြည်သူ ၂၅ ဦးသေဆုံး

အီရတ်နိုင်ငံ ကာဘာလာမြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက် နိုဝင်ဘာ ၃

အီရတ်နိုင်ငံနေရာအနှံ့တွင် နိုဝင်ဘာ ၁ရက်က ဗုံးခွဲတိုက်ခိုက်မှုများနှင့် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ရာ အီရတ်ပြည်သူ ၂၅ဦး သေဆုံးပြီး ၇၅ဦး ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။

မူဆာဘတ်မြို့ရှိ ဈေးအတွင်း၌ စက်ဘီးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး ၃၈ဦး ထိခိုက်ဒဏ်ရာရရှိသွားသည်။ ဂျီဘာလ်မြို့အနီး၌လည်း ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရှစ်ဦးဒဏ်ရာရရှိသွားသည်။

ကာဘာလာမြို့ရှိ စစ်ဆေးရေးဂိတ်အနီး ဘတ်စ်ကားတစ်စီးပေါ်၌ ဗုံးပေါက်ကွဲခဲ့ရာ ငါးဦးသေဆုံးပြီး ၁၅ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ဒဏ်ရာရရှိ

ရာမာဒီမြို့ဝင်ရှိ စစ်ဆေးရေးဂိတ်၌ အသေခံဗုံးဖောက်ခွဲမှုကြောင့် သုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားသည်။ ထို့ပြင် ထပ်မံ၍ ကားရပ်နားရာစခန်း၌ ကားဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ နှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားသည်။

မိုဆူးလ်မြို့၌ သေနတ်သမားများ ပစ်ခတ်မှုကြောင့် ဝန်ထမ်းတစ်ဦးနှင့် ရှေ့နေတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန် လူမျိုးစုဒေသ အရေးပေါ်အခြေအနေ ကြေညာချက်ထုတ်ပြန်

အစ္စလမ္မာဘတ် နိုဝင်ဘာ ၃

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း တိုင်းရင်းသားလူမျိုးများဒေသတွင် ချက်ချင်းအာဏာတည်ရမည့် အဆင့် ၄ (အရေးပေါ်အခြေအနေ)တစ်ရပ် ကြေညာလိုက်သည်ဟု နိုဝင်ဘာ ၂ရက်က ထုတ်ပြန်သည့် ကုလသမဂ္ဂကြေညာချက်တွင် ဖော်ပြထားသည်။

ဖော်ပြ

ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ အဆိုပါဒေသတွင် လုံခြုံရေးအခြေအနေ ဆိုးရွားနေခြင်းကြောင့် ယင်းကဲ့သို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း အစ္စလမ္မာဘတ်မြို့ရှိ ကုလသမဂ္ဂပြန်ကြားရေးဌာနကထုတ်ပြန်သည့် အဆိုပါ ကြေညာချက်၌ ဖော်ပြထားသည်။ ***(အင်တာနက်)***

နိုင်ဂျီးရီးယားနှင့်ဘီနင်နယ်စပ်၌ ကနူးလှေမှောက်၍ လူ ၅၀ပျောက်ဆုံး

လေဂို့စ် နိုဝင်ဘာ ၃

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ဘက်ပိုင်း ဘူကိုရိုကျေးရွာရှိ ရွာသူရွာသား ၅၀ ထက်မနည်းသည် နိုင်ဂျီးရီးယားနှင့်ဘီနင်သမ္မတနိုင်ငံကြားရှိ နယ်စပ်မြစ်ကို ကနူးလှေများဖြင့် နိုဝင်ဘာ ၁ရက်က ဖြတ်ကူးစဉ် သေဆုံးသွားသည်ဟု ယူဆရကြောင်း သတင်းရရှိသည်။

တိမ်းမှောက်

ဖြစ်ပွားပုံမှာ ကနူးလှေနှစ်စင်းသည် ဘီနင်သမ္မတနိုင်ငံ ယာရာပိုဒိုကျေးရွာမှ ဘူကိုရိုကျေးရွာသို့ အဆိုပါကျေးရွာသားများအား သယ်ယူပို့ဆောင်ပေးနေစဉ် နယ်စပ်မြစ်ဖြစ်သည့် နာနိုမြစ်လယ်၌ တိမ်းမှောက်သွားခြင်းဖြစ်ကြောင်း၊ နာနိုမြစ်သည် နှစ်နိုင်ငံကြား နယ်ခြားအမှတ်အသားမြစ်ဖြစ်ကြောင်း လေဂို့စ်အခြေစိုက် ဒေးလီးအင်န်ဒီပင်းဒင့်စ် သတင်းစာ၌ ဖော်ပြထားသည်။ **(အင်တာနက်)**

ဂျပန်မော်တော်ကား ရောင်းချရမှု ယခင်နှစ်ကထက် မြင့်တက်လာ

တိုကျို နိုဝင်ဘာ ၃

ဂျပန်မော်တော်ကားရောင်းချမှုပမာဏသည် အောက်တိုဘာလ၌ ယခင်နှစ်အလားတူကာလကထက် ၁၂ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဂျပန်မော်တော်ကားရောင်းဝယ်ရေးအသင်းက ထုတ်ပြန်သည့် စာရင်းဇယား၌ ဖော်ပြပါရှိသည်။

မြင့်တက်

မော်တော်ကားဈေး လစဉ် ဈေးကစားမှုကြောင့် စက်တင်ဘာလအတွင်း၌ မော်တော်ကား ၃၁၀၉၉၁စီး ရောင်းချခဲ့ရပြီး အောက်တိုဘာလ၌ ၂၆၃၅၀၆ စီး ရောင်းချရသဖြင့် အရောင်းပမာဏကျဆင်းခဲ့သော်လည်း ယခင်နှစ် ထိုကာလကထက် အရောင်းပမာဏ မြင့်တက်လာခြင်းဖြစ်သည်ဟု သိရသည်။ (အင်တာနက်)

နီပေါခရီးသွားလုပ်ငန်း မြင့်တက်လျက်ရှိ

ခတ္တမန္ဒူ နိုဝင်ဘာ ၃

နီပေါနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် အောက်တိုဘာလအတွင်း၌ ကမ္ဘာ့လှည့်ခရီးသည် ရောက်ရှိမှုမှာ ၅၆၀၀၉ဦးရှိရာ ယခင်နှစ် အလားတူ ကာလကထက် ၁၀ဒသမ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ခရီးသွားလုပ်ငန်း (အင်န်တီဘီ)က သတင်းထုတ်ပြန်သည်။

ပိုမိုရောက်ရှိ

၄င်းနိုင်ငံသို့ ကမ္ဘာ့လှည့်ခရီးသည် ရောက်ရှိမှုအများဆုံးဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အပြင် အာရှနှင့်အရှေ့တောင်အာရှနိုင်ငံများမှ ခရီးသွားများ ပိုမိုရောက်ရှိသည်။

နီပေါနိုင်ငံက ခရီးသွားလုပ်ငန်းကို အလေးထားဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွင်း တရုတ်နှင့်နယ်သာလန်လေကြောင်းလိုင်းသစ်များကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အပြည်ပြည်ဆိုင်ရာ စာအုပ်ပွဲတော်

ယီမင်နိုင်ငံ ဆားနားမြို့တွင် (၂၆)ကြိမ်မြောက် ဆားနားအပြည်ပြည်ဆိုင်ရာ စာအုပ်ပွဲတော်၌ လာရောက်ကြည့်ရှုသူများနှင့် စည်ကားလျက်ရှိသည်ကို နိုဝင်ဘာ ၂ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

4-11 (04).pmd 1 11/4/2009, 1:18 AM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

စုစည်းတင်ပြသူ- မောင်မောင်မြင့်ဆွေ

တရုတ်သမ္မတဟူကျင်ထောင်း မလေးရှားသို့အလည်အပတ်ခရီးသွားရောက်မည်

တရုတ်သမ္မတဟူကျင်ထောင်းသည် မလေးရှားနိုင်ငံသို့ နိုဝင်ဘာ ၁၀ရက်၌ ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ် သွားရောက်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရန်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ပါကစ္စတန် ကရာချိမြို့၌ ရထားနှစ်စင်းတိုက်မိ

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တောင်ပိုင်းတွင် နိုဝင်ဘာ ၃ရက်က ခရီးသည်ရထားတစ်စင်းနှင့် ကုန်တင်ရထားတစ်စင်းတို့ တိုက်မိရာ ခရီးသည် ငါးဦးသေဆုံးပြီး ၂၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

ယီမင်ငါးဖမ်းသင်္ဘောကို ဆိုမာလီ ပင်လယ်ဓားပြများ အပိုင်စီး အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဓားပြတစ်ဦး သေဆုံး

ယီမင်နိုင်ငံ ကမ်းလွန်တွင် နိုဝင်ဘာ ၃ရက်က ယီမင်ငါးဖမ်းသင်္ဘောတစ်စင်းကို ဆိုမာလီ ပင်လယ်ဓားပြများက အပိုင်စီးခဲ့ရာ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆိုမာလီပင်လယ်ဓားပြတစ်ဦး သေဆုံးခဲ့ကြောင်း ယီမင်နိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

တူရကီနိုင်ငံ စီရစ်ပြည်နယ်၌ ရေလွှမ်းမိုးမှု ဖြစ်ပွား

တူရကီနိုင်ငံ စီရစ်ပြည်နယ် အရှေ့တောင်ပိုင်း၌ နိုဝင်ဘာ ၃ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး နေအိမ်များ ရေနစ်မြုပ်လျက်ရှိကြောင်း၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း တူရကီနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးဌာနမှ သတင်းထုတ်ပြန်သည်။

ကူဝိတ်စီးတီး၌ ဗုံးခွဲတိုက်ခိုက်မည်ဟု ခြိမ်းခြောက်ခံရ

ကူဝိတ်နိုင်ငံ ကူဝိတ်စီးတီးတွင် နိုဝင်ဘာ ၃ရက်က အကြမ်းဖက် တိုက်ခိုက်ရေးသမား၏ ဗုံးခွဲတိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုတစ်ရပ်ကြောင့် စာသင်ကျောင်းများ အပါအဝင် နေရာအများအပြား၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားကြောင်း ကူနာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဆိုမာလီအကြမ်းဖက်သမားနှစ်ဦး ခရီးသည်တင်လေယာဉ်အပိုင်စီးရန်ကြံစည်မှုပျက်ပြား

ဆိုမာလီနိုင်ငံအရှေ့မြောက်ပိုင်း ဘော့ဆာဆိုမြို့လေဆိပ်မှ ဆိုမာလီနိုင်ငံ ဒီဂျေဘော်တီမြို့သို့ နိုဝင်ဘာ ၃ ရက်က ပျံသန်းလာသော ခရီးသည်တင်လေယာဉ် တစ်စင်းကို ဆိုမာလီအကြမ်းဖက်သမားနှစ်ဦးက အပိုင်စီးရန်ကြံစည်ရာ ခရီးသည်များ ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် အကြံစည်ပျက်ပြားခဲ့ကြောင်း၊ အကြမ်းဖက်သမား နှစ်ဦးကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း ဆိုမာလီအရာရှိများက ပြောကြားသည်။

ဂရိအနောက်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

ဂရိနိုင်ငံအနောက်ပိုင်း ဇာကင်သို့စ်ကျွန်းကမ်းလွန်တွင် နိုဝင်ဘာ ၃ရက်က ရစ်ချ်တာစကေး ၆ရှိသည့် အင်အားပြင်းငလျင်လှုပ်ခဲ့ရာ ပင်လယ်ပြင်၌ ပေ ၂၀ခန့် မြင့်သော ရေလှိုင်းများဖြစ်ပေါ်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုသတင်း မထုတ်ပြန်သေးကြောင်း ဂရိရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုလျက်ရှိသည့် ချင်းတွင်းတံတား(မုံရွာ)

➤ သတင်းမှတ်စု-အေးသန္တာသိန်းနှင့်မြကေခိုင်စိုး ➤ ဓာတ်ပုံမှတ်တမ်း-(မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၃

နိုင်ငံတော်အစိုးရက စေတနာရှေ့ထားကာ လမ်းတံတားများ တည်ဆောက်ဖွင့်လှစ်ပေးမှုကြောင့် မြန်မာနိုင်ငံအနှံ့ရှိ လမ်းတံတားများမှာ ကွန်ရက်ကြီးတစ်ခုသဖွယ် ဖြစ်တည်လျက် ရှိနေပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ဒေသတစ်ခုနှင့် တစ်ခုအကြား ဖွံ့ဖြိုးတိုးတက်မှုများမှာလည်း ကွာဟချက်နည်းပါးလာခဲ့ကာ လူမှု စီးပွားဘဝများမှာ တိုးတက်မြင့်မားနေပြီဖြစ်သည်။

အဆင်ပြေချောမွေ့

စစ်ကိုင်းတိုင်းအတွင်း ဖြတ်သန်းစီးဆင်းနေသည့် ချင်းတွင်းမြစ်ကြောင့် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းများမှာ နီးလျက်နှင့်ဝေးနေရကာ အပြန်အလှန်ဆက်သွယ်သွားလာမှု ခက်ခဲခဲ့ရသည်။ ထိုသို့သော အခက်အခဲများမှာ ၂၀၀၃ခုနှစ် ဧပြီ ၇ရက်က ဖွင့်လှစ်ပေးခဲ့သည့် ချင်းတွင်းတံတား(မုံရွာ)ကြောင့် အစစအရာရာ အဆင်ပြေချောမွေ့သွားခဲ့ပေပြီ။

ချင်းတွင်းတံတား(မုံရွာ)မှာ မုံရွာ-ယာကြီး-ကလေးဝ လမ်းမကြီးပေါ်တွင် အဓိကကျသော တံတား တစ်စင်းလည်းဖြစ်သည်။ ပင်မတံတားမှာ ၂၇၄၅ ဒသမ ၆ ပေရှိကာ ချဉ်းကပ်တံတားနှစ်ဖက်မှာ ၁၉၈၄ ဒသမ ၆ ပေရှိသည်။ စုစုပေါင်းတံတားအရှည်မှာ ၄၇၃၀ ဒသမ ၂ ပေဖြစ်ကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

အထောက်အကူပြု

ချင်းတွင်းတံတား(မုံရွာ) ဖွင့်လှစ်ခဲ့သည့်အတွက် မုံရွာမှ ကလေးဝ-ကလေး-တမူးကိုဖြစ်စေ၊ ကလေး-ဟားခါး၊ ကလေး-တီးတိန်ကိုဖြစ်စေ သွက်လက်မြန်ဆန် အချိန်တိုအတွင်း သွားလာနိုင်သည့်အပြင် အိမ်နီးချင်းနိုင်ငံနှင့်ဆက်နွှယ်သည့် နယ်စပ်ကုန်သွယ်ရေးဖွံ့ဖြိုးမှုကိုလည်း များစွာ အထောက်အကူပြုနေပြီ ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် တင်ပြလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၆၄-၁၉၆၅) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၆၄နှင့် ၁၉၆၅ခုနှစ်များမှ ပထမနှစ်ကျောင်းသား ကျောင်းသူများနှင့် ရွှေရတုအကြို အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းခန်းမ တက္ကသိုလ်များ လှိုင်နယ်မြေ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများထံ ဖိတ်စာများ ပေးပို့မည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက် ကြရန်နှင့် အလှူငွေများကို ဦးသန်းထွေး ဖုန်း-၀၉-၈၀-၃၂၉၁၆၊ ၀၉-၅၀-၄၁၆၂၈၊ ဦးဝင်းဋ္ဌေး ဖုန်း-၅၇၉၅၆၄၊ ဦးပြည်စိုး ဖုန်း-၂၀၂၆၅၀၊ ဦးခင်မောင်လေး ဖုန်း-၅၆၀၇၂၃၊ ဦးအုံးခိုင် ဖုန်း-၀၉-၅၀-၁၄၀၇၀၊ ဦးအုံးကျော် ဖုန်း-၀၉-၅၁-၇၁၆၂၂၊ ဦးခင်မောင်ချစ် ဖုန်း-၆၄၂၄၆၁၊ ဒေါ်တင်မြင့်ဦး ဖုန်း-၃၇၇၀၀၁၊ ၀၉- ၅၀-၁၄၈၂၀၊ ဒေါ်လှဲ့လှဲ့ချစ် ဖုန်း-၀၉-၅၁-၇၉၇၂၈၊ ဦးခင်မောင်မြင့် (Rosie Gyi) ဖုန်း-၅၅၇၄၆၅၊ ဒေါ်ကြည်ကြည်စိန် ဖုန်း-၃၈၀၁၀၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၃၅)

ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေး ရမည်းသင်း၌ ရှောင်တခင်စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၃

ရမည်းသင်းခရိုင် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရမည်းသင်း)မှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင်နှင့် စက်မှုကျွမ်းကျင်-၃ ဦးမိုးခိုင် ဦးဆောင်သောအဖွဲ့သည် ခရိုင်ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ အောက်တိုဘာ ၂၃ရက်က ရန်ကုန်-မန္တလေး လမ်းမကြီး (ရမည်းသင်းမြို့အဝင်ဂိတ်အနီး)ပေါ်၌ သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်နှင့်ယာဉ်မောင်းများအား ယာဉ်ကြံ့ခိုင်မှု ရှိ/မရှိ၊ သတ်မှတ် ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ/မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ခြင်း ရှိ/မရှိ တို့ကို ရှောင်တခင် စစ်ဆေး၍ ပညာပေးအရေးယူခဲ့ကြသည်။ (အပေါ်ပုံ)

အဆိုပါ ရှောင်တခင်စစ်ဆေးရာသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်ထူးတို့လည်း လာရောက်ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

မိမိနှစ်သက်သည့် ကိုယ်လက်လေ့ကျင့်ခန်း နေ့စဉ်ပြုလုပ်ပေးခြင်းဖြင့် ရောဂါကင်းဝေးနိုင်ဟုဆို

ကိုယ်လက် လေ့ကျင့်ခန်း နေ့စဉ် ၁၅မိနစ်ခန့် ပြုလုပ်ပေးခြင်းသည် ရောဂါကင်းဝေးစေကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

လေ့ကျင့်

မည်သည့် ကိုယ်လက်လေ့ကျင့်ခန်းပင်ဖြစ်စေ နေ့စဉ်ပြုလုပ်ရာတွင် အလုပ်သွားအလုပ်ပြန်၊ နေအိမ်တွင်းနှင့်ရုံးအဆောက်အအုံတွင်း သွားလာမှုမျိုးမဟုတ်ဘဲ သီးခြားပြုလုပ်သည့် လေ့ကျင့်ခန်းမျိုးဖြစ်ကြောင်း သိရသည်။ (ယာပုံ)

ပြုလုပ်သင့်

နေ့စဉ် ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်ရာတွင် နံနက်ပိုင်းအချိန်ကို ရွေးချယ်သင့်ပြီး လမ်းလျှောက်ခြင်း၊ အေရိုးဗစ်လေ့ကျင့်ခန်းပြုလုပ်ခြင်းစသည့် မိမိကြိုက်နှစ်သက်သည့် ကိုယ်လက် လေ့ကျင့်မှုမျိုးရွေးချယ်ကာ ပုံမှန်ပြုလုပ်သင့်ကြောင်း ၎င်းတို့က ပြောကြားသည်။

အကြံပြု

နေ့စဉ် ၁၅မိနစ်ခန့် လေ့ကျင့်ခန်းပြုလုပ်သူ ၁၅၀၀ခန့်အား ၁၂နှစ်ကြာ သုတေသနပြုခဲ့ရာ ရောဂါဖြစ်ပွားသူဦးရေ ၁၀ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ ထို့ကြောင့် နေ့စဉ် ပုံမှန် လေ့ကျင့်ခန်းပြုလုပ်သင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။ ။

ငွေစာရင်းမင်းကြီးရုံး(AG)အငြိမ်းစားများအား ဒုတိယအကြိမ်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

ယခင်ငွေစာရင်းမင်းကြီးရုံး (AG) အငြိမ်းစားဝန်ထမ်းများ၏ သက်ကြီးဝန်ထမ်းများအား ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာလအတွင်း ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများသည် ဦးခင်စိုး ဖုန်း-၅၁၆၄၆၇သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (မြန်မာ့အလင်း)

စာပေဗိမာန် စာအုပ်အသင်း စာအုပ် ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၃

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန် စာမူဆု သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ)ဘာသာရပ်ပထမဆုရ အောင်စိုး(စိုက်ပျိုးရေး-၁၀၇) ရေးသားသည့် **'ပို့စ်ဟာဗက်ဆွတ်ခူးပြီးနောက်ဝယ်'** စာအုပ်ကို စာအုပ်အသင်း၏ (၅၃)အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိထားသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

ဆက်သွယ်နိုင်

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက် အမှာစကားပြောကြား

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၃

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၃၀ရက် မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ကင်းရှင်းစွာသွားလာနိုင်ရေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ်ကြို/ပို့ယာဉ်များဆိုင်ရာကိစ္စ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာကိစ္စနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဖျာပုံမြို့ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၃

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် အောက်တိုဘာ ၂၆ ရက်က ဖျာပုံမြို့ အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးသည် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ဖွင့်လှစ်ထားသည့် အခြေခံအိမ်တွင်းမှုသင်တန်းနှင့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေးအတတ်ပညာ သင်တန်းများကို ကြည့်ရှုအားပေးပြီး သင်တန်းသား သင်တန်းသူများအတွက် ဆန်များ လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ဆန်ငါးအိတ်၊ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအေးကြိုင်က ဆန်၁၀အိတ်နှင့် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း အကျိုးတော်ဆောင်အဖွဲ့က ဆန်၁၀အိတ်တို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်ငွေ စိုက်ထူလှူဒါန်း

အုတ်တွင်း နိုဝင်ဘာ ၃

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်ငွေ စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၁ရက် နံနက်ပိုင်းက အုတ်တွင်းမြို့ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူခရိုင်ဥက္ကဋ္ဌ ဦးတင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး အုတ်တွင်းမြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က ကျေးဇူးတင်စကား ပြောကြား၍ အုတ်တွင်းမြို့နယ်အတွင်းရေးမှူး ဦးသိန်းအောင်က ဆေးပဒေသာပင် အလှူငွေကောက်ခံရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းငွေများကို တောင်ငူခရိုင် အတွင်းရေးမှူး ဦးသိန်းဆွေ၊ အုတ်တွင်းမြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် တာဝန်ရှိသူများက ငွေကျပ် ၁၀သိန်း လှူဒါန်းသော အလှူရှင် ဦးခင်မောင်ဝင်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့(ကြယ်နီမိသားစု) **(အပေါ်ပုံ)**နှင့် အခြားသောအလှူရှင်များ၏လှူဒါန်းမှုကို လက်ခံယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ အဆိုပါလှူဒါန်းသော အလှူငွေအပါအဝင် အုတ်တွင်းမြို့နယ် ဆေးရုံအတွက် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၂၅ သိန်း ဖြစ်ကြောင်း သိရသည်။ **(၃၁၆)**

သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ ဟင်္သာတ၌ကျင်းပ

ဟင်္သာတ နိုဝင်ဘာ ၃

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုမှထောက်ပံ့သော ထောက်ပံ့ကြေးငွေများ ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက ဟင်္သာတမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ဟင်္သာတမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးခင်မောင်မြင့်(ငြိမ်း)က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးမျိုးသန့်(ငြိမ်း)က အသက်(၇၅) နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ငါးဦး၊ မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးနှင့် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်၏ သားသမီးများအား ထောက်ပံ့ငွေများ ပေးအပ်ကြောင်းသိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မီးသတ်ရေကန် တည်ဆောက်

မွန်ပြည်နယ် ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မင်္ဂလာဈေးအတွင်း ဂါလန် ၅၀၀၀ဆံ့ မီးသတ်ရေကန်တည်ဆောက်နေမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဗျားနို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်နိုင်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း၏ ဒုတိယအကြိမ်မြောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်း အားကစားကွင်း၌ အောက်တိုဘာ ၂၀ ရက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဘတင့်ဆွေက အမှာစကားပြောကြားစဉ်။ (၁၁၈)

ကိုယ်ဝန်ဆောင်စဉ် ကြုံတွေ့နိုင်သော အန္တရာယ်လက္ခဏာများ

ကိုယ်ဝန်ဆောင်စဉ် ကြုံတွေ့နိုင်သော အန္တရာယ်လက္ခဏာများကို ကိုယ်ဝန်ဆောင်နှင့် မိသားစုများက ကြိုတင်သိရှိထားလျှင် ကိုယ်ဝန်ဆောင်မိခင် သေဆုံးမှုမဖြစ်အောင် ကြိုတင်ပြင်ဆင်ကာကွယ်နိုင်သည်။

ထို့ပြင် အန္တရာယ်ကင်းစွာ မွေးဖွားပေးနိုင်မည့် ဆရာဝန်၊ ဆရာမများ၊ ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများသို့ ကြိုတင်ဆက်သွယ်သွားရောက် မွေးဖွားနိုင်သည်။

ကိုယ်ဝန်ဆောင်မိခင်များကြုံတွေ့နိုင်သော အန္တရာယ်လက္ခဏာများမှာ....

(က) **ကိုယ်ဝန်ဆောင်စဉ်**
- (၁) မိန်းမကိုယ်မှသွေးဆင်းလျှင်
- (၂) တက်လျှင်၊ သတိလစ်လျှင်
- (၃) ခြေလက်မျက်နှာဖောရောင်ပြီး ခေါင်းပြင်းထန်စွာကိုက်လျှင်၊ အမြင်မှုန်ဝါးလျှင်၊ အော့အန်၊ မျက်စိပြာလျှင်
- (၄) ဖျားပြီးအိပ်ရာမှ မထနိုင်လောက်အောင်အားနည်းလျှင်
- (၅) ဝမ်းဗိုက်အလွန်အမင်းနာကျင်လျှင်
- (၆) အသက်ရှူမြန်လျှင်၊ အသက်ရှူခက်ခဲလျှင်
- (၇) ရေမြွှာဆင်းလျှင်
- (၈) အနည်းငယ်လှုပ်ရှားရုံနှင့် အားအင်ကုန်ခန်းမောပန်းလျှင်

(ခ) **မွေးဖွားစဉ်**
- (၁) သွေးအမြောက်အမြားဆင်းလျှင်၊ တက်လျှင်
- (၂) ချမ်းတုန်၍ ဖျားလျှင်၊ ဗိုက်နာချိန် ၁၂ နာရီထက်ပိုကြာလျှင်

(ဂ) **မွေးဖွားပြီးစဉ်**
- (၁) သွေးအများအပြားဆင်းလျှင်၊ တက်လျှင်
- (၂) ချမ်းတုန်ပြီးဖျားလျှင်
- (၃) ပုပ်နံသောသွေးအရည်ဆင်းလျှင်
- (၄) ခေါင်းအလွန်ကိုက်ပြီး အမြင်မှုန်ဝါးလျှင်
- (၅) အသက်ရှူမြန်လျှင် (သို့) အသက်ရှူခက်ခဲလျှင်

အထက်ပါအန္တရာယ်ရှိသော လက္ခဏာများကြုံတွေ့ပါက နီးရာဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးပို့ရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၃

၂၀၀၉ခုနှစ် တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၀ရက် နံနက် ၈နာရီခွဲက နေပြည်တော် ဘော်လီဘောအားကစားကွင်း၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဦးနှင့် ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယှဉ်ပြိုင်ကစား

ယင်းနောက် ဖွင့်ပွဲနေ့ပွဲစဉ်အဖြစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲသို့ ဝန်ကြီးဌာနအသင်း ၃၀ ဝင်ရောက်ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၉ခုနှစ် တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တီးတိန်မြို့၌ ရေလှောင်ကန် မွမ်းမံပြင်ဆင်

တီးတိန် နိုဝင်ဘာ ၃

တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ထုတ်လိုင်ကျေးရွာ ပင်မရေလှောင်ကန် (၁၈×၅×၅)ပေ မွမ်းမံပြင်ဆင်ပြီးစီးမှုကို အောက်တိုဘာ ၁၅ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝှန့်ပြင်းထန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလွန်ဆန်းတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

(ပြည်နယ် ပြန်/ဆက်)

ထန်တလန်၌ ကျေးလက်ရေပြွန်တံတားတည်ဆောက်

ထန်တလန် နိုဝင်ဘာ ၃

ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ထန်တလန်ရွာ ကျေးလက်ရေပြွန်တံတား၁၄ပေ×၆ပေ×၄ပေ တည်ဆောက်ပြီးစီးမှုကို ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင် အောက်တိုဘာ၂၀ရက်က ကွင်းဆင်းစစ်ဆေးသည်။

(ပြည်နယ် ပြန်/ဆက်)

အရည်အသွေးစစ်ဆေး

တမူးခရိုင် ခါမ်းပါတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်း ကျန်းမာရေးရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် အိုင်အိုဒင်းဆားများ အရည်အသွေးကို မြို့နယ် တာဝန်ခံ ဦးအေးမင်းထွန်း ဦးဆောင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း(မွန်ပြည်နယ်အသင်းခွဲ) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (မွန်ပြည်နယ်အသင်းခွဲ)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၁၈ရက်က မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မွန်ပြည်နယ်အသင်းခွဲ ဥက္ကဋ္ဌ ဦးကရင်နှင့် အလုပ်အမှုဆောင်များ၊ ထူးချွန်ဆုရ ကျန်းမာရေးမှူးများနှင့် မွန်ပြည်နယ် ၁၀မြို့နယ်တို့မှ အငြိမ်းစား ကျန်းမာရေးမှူးများ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး ထူးချွန်ဆုရ ဝန်ထမ်း ၁၂ဦးတို့အား ဆုများကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးမင်းနိုင်က ရာသက်ပန်အသင်းဝင် အငြိမ်းစားကျန်းမာရေးမှူးများအား အသိအမှတ်ပြုလွှာများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် မွန်ပြည်နယ်အသင်းခွဲမှ အငြိမ်းစား ကျန်းမာရေးမှူးများဖြစ်ကြသည့် အသက်(၇၀)နှင့်အထက် သက်ကြီး ၁၂ဦးအား ထောက်ပံ့ငွေနှင့် ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး ၂၀၀၉-၂၀၁၀ခုနှစ်အတွက် အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် အရှေ့မြို့ပတ်လမ်းဘေးဝဲယာတစ်လျှောက် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

သံတွဲခရိုင် အထူးကုဆရာဝန်ကြီးများအဖွဲ့ တောင်ကုတ်၌ ဝေဒနာရှင်များ အခမဲ့ကုသပေး

တောင်ကုတ် နိုဝင်ဘာ ၃

သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏စီစဉ်မှုဖြင့် ခရိုင်ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးဒေါက်တာတင့်ရွှန်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ အဖွဲ့သည် စက်တင်ဘာ ၂၇ရက် နံနက် ၁၀နာရီခွဲက တောင်ကုတ်မြို့နယ် ရွာမကျေးရွာ တိုက်နယ်ဆေးရုံသို့သွားရောက်၍ ပတ်ဝန်းကျင်ကျေးရွာခုနစ်ရွာမှ ဝေဒနာရှင် ၄၃၇ဦးအား အခမဲ့စမ်းသပ် စစ်ဆေးကုသပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဆရာဝန် ဒေါက်တာရွှေသိန်းနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သက်ဆိုင်ရာရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း သံဖြူဇရပ်မှ တော့ဝေးကျေးရွာအထိပျက်စီးမှုကို အပိုင်းလိုက် ကတ္တရာခင်းရန်အတွက် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်မြင့်ဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



သဃ်န်းကျွန်းမြို့နယ်၌ ယာဉ်နှစ်စီးတိုက်မိ

ရန်ကုန် နိုဝင်ဘာ ၃

အောက်တိုဘာ၂၇ရက် ညက သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စု ခုံးကျော်တံတား(ဘိုးဘိုးကြီး) ကားကြီးဂိတ်ဘက်သို့ အဆင်းခုံးထိပ်ကွေ့၌ ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

ဖြစ်ပွားပုံမှာ အောက်တိုဘာ ၂၇ရက် ည ၁၀နာရီကျော်ခန့်က တောင်ဥက္ကလာပဘက်မှ မောင်းနှင်လာသော သ/၃၇၁၈ တိုယိုတာ ဟိုင်းလပ်ပစ်ကပ်ကားသည် သဃ်န်းကျွန်း ခုံးကျော်တံတားပေါ် ဝဲဘက်ယာဉ်ကြောမှမောင်းလာစဉ် (သဃ်န်းကျွန်း၊ ဘိုးဘိုးကြီး) ကားကြီးဂိတ်ဘက်အဆင်း ခုံးထိပ်ကွေ့အရောက်၌ ဒဂုံမြို့သစ်(တောင်ပိုင်း)ဘက်မှ မောင်းလာသော ၉ခ/၆၀၄၂ ဆူဇူကီးပစ်ကပ်ကားသည် ယာဘက်ခုံးကျော်တံတားပေါ်သို့တက်ရန် ကွေ့မောင်းလာစဉ် တစ်ဖက်ယာဉ်ကြောမှ မောင်းလာသော ဟိုင်းလပ်ပစ်ကပ်ကားနှင့် မျက်နှာချင်းဆိုင်တိုက်မိကြသည်။ ဆူဇူကီးပစ်ကပ်ကားမှာ ဝဲဘက်သို့တိမ်းမှောက်ပြီး ခေါင်းချင်းဆိုင်တိုက်မိမှုကြောင့် ကားနှစ်စီးလုံးမှာ ဦးခေါင်းပိုင်းပျက်စီးသွားပြီး ယာဉ်မောင်းနှစ်ဦးစလုံး ဒဏ်ရာရရှိသွားကြသည်။ ယာဉ်မှုစစ်မှ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ (၁၂၁)

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မင်းကုန်းရပ်ကွက် လူနေအိမ်များ၌ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းကို ဦးစီးအရာရှိ ဦးအေးဝင်းတင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

4-11 (07).pmd 1 11/4/2009, 1:18 AM

ကြိုတင်ပြင်ဆင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နာဂစ်မုန်တိုင်းကဲ့သို့ ပြင်းထန်သော မုန်တိုင်းမျိုးကို မိမိတို့ ယခင်က မကြုံဖူး၊ မတွေ့ဖူးခဲ့ကြောင်း၊ အဖျက်စွမ်းအားကြီးမားမှုကို ယခု ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နောင်၌ အလားတူမုန်တိုင်းမျိုး ထပ်မံကြုံတွေ့ရပါက ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် မိမိတို့ ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ဒေသတွင်းလမ်းများ ဖောက်လုပ်ရာ၌ လမ်းအဖြစ်သာမက လမ်းဖောက်လုပ်မှုကြောင့် ဖြစ်ပေါ်လာသော လမ်းဘေးရေမြောင်းများအတွင်း လှေငယ်များဖြင့် သွားလာနိုင်ရန်နှင့် လမ်းသားအမြင့်တင်ထားသော လမ်းကုန်းပိုင်းပေါ်၌ အရေးပေါ် ခိုလှုံရန်တို့အတွက် စီစဉ်ဖောက်လုပ်လျက်ရှိကြောင်း၊ ထို့အတူ Cyclone Shelter များကို အရေးပေါ်ခိုလှုံရန်သာမက သာမန်အချိန်၌ စာသင်ကျောင်းအဖြစ်၊ ဆေးရုံအဖြစ် အသုံးပြုနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းနှင့် Cyclone Shelter များကို အချိန်အခါအရ ပုံစံအမျိုးမျိုးဖြင့် အသုံးပြုနိုင်ရန်ဖြစ်ကြောင်း၊ ထို့အပြင် သီးခြား သက်ကယ်ကုန်းများကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်စလူမြို့ Cyclone Shelter အကွက်ချပုံစံနှင့် တည်ဆောက်မှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်စလူမြို့ Cyclone Shelter တည်ဆောက်နေမှုနှင့် သက်ကယ်ကုန်းမြင့် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





✻ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်း ပြင်စလူမြို့သို့ ရောက်ရှိသည်။

မေးမြန်းနှုတ်ဆက်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြရာ ဗိုလ်ချုပ်မှူးကြီးက ဒေသခံပြည်သူများအား ရင်းနှီးစွာ မေးမြန်း နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် မက်စ်မြန်မာကုမ္ပဏီအုပ်စုက တည်ဆောက်လျက်ရှိသည့် ပြင်စလူမြို့ Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး ရှုရပ်မှနေ၍ Cyclone Shelter တည်ဆောက်နေမှုနှင့် သက်ကယ်ကုန်းမြင့် တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မက်စ်မြန်မာနှင့် အေဝမ်းကုမ္ပဏီတို့က တည်ဆောက်နေသော Cyclone Shelter အကွက်ချပုံစံနှင့် တည်ဆောက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်အကြီးအကဲသည် ပြင်စလူမြို့ ပြန်လည်ထူထောင်ထားမှု၊ လူနေအိမ်ရာများ စနစ်တကျ တည်ဆောက်ပေးထားမှု၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးပေးခန်းနှင့် စာသင်ကျောင်းများ တည်ဆောက်ပြီးစီးမှု၊ အရိပ်ရပင်၊ လေကာပင်များ စိုက်ပျိုးထားမှုတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့ ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်က ပြင်စလူဒေသတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ပုံမှန် ပြန်လည်လုပ်ကိုင်လာနိုင်မှု၊ ရေလုပ်ငန်းနှင့် ဆားထုတ်လုပ်ရေး လုပ်ငန်းများကို ယခင်နှစ်ကထက် ပိုမိုတိုးတက်လုပ်ကိုင်လာနိုင်မှု၊ စာသင်ကျောင်းများ ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်နေမှု၊ ဆေးရုံဆေးခန်းများ ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးမှု၊ ကျေးရွာ ၄၉ရွာတွင် ကျေးလက်အိမ်ရာ ၄၃၅၄လုံး တည်ဆောက်ပြီးစီးမှုနှင့် စံပြကျေးရွာများအဖြစ် တည်ဆောက်ထားမှုနှင့် ပြင်စလူဒေသတစ်ခုလုံး မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထောက်ပံ့ကူညီစောင့်ရှောက်

ပျက်စီးသွားသော ဒေသတွင်း စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများကိုလည်းကောင်း၊ ရေငန်တားတမံ ပျက်စီးမှုများကိုလည်းကောင်း အမြန်ပြန်လည်တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ဒေသ၏ အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းများကို ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိအောင် ထောက်ပံ့ ကူညီစောင့်ရှောက်မှုများ ပြုလျက်ရှိကြောင်း၊ သမားရိုးကျ စီးပွားရေးလုပ်ငန်းများအပြင် လက်မှုလုပ်ငန်းအတတ်ပညာသည်များ ထွက်ပေါ်လာအောင်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ဦးစီးဖွင့်လှစ်သော အိမ်တွင်းလက်မှုလုပ်ငန်း အထူးသင်တန်းများကို ဒေသခံပြည်သူများအတွက် လှည့်လည်ဖွင့်လှစ်နေသကဲ့သို့ အချို့ အထက်တန်းကျောင်းများ၌ စက်မှုလက်မှုကျောင်းများကို တွဲဖက်ဖွင့်လှစ်ပြီး စက်မှုလက်မှုလုပ်ငန်းများကို

မိမိတို့ဒေသ၏
အကျိုးရှိစွာ အပြည့်

တိုးချဲ့သင်ကြားပေးလျက်ရှိကြောင်း၊ ထို့အပြင် ပျက်
များကို စနစ်တကျ ပြန်လည်နေရာချ ထူထောင်

လက်ငင်းအကျိုးစီးပွာ

ဤသည်တို့မှာ မုန်တိုင်းသင့်ဒေသခံပြည်သူ
ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရရှိနေစေရန်နှင့် မုန်
ထက် ပိုမိုအဆင့်အတန်း မြင့်မားစေရန် စသည့် လ
ချက်များအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်
ယင်းလက်ငင်းအကျိုးစီးပွားများအပြင် ပြ
စီးပွားဖြစ်ထွန်းရေးအတွက် ထားရှိသော အခြားရည်
ရှိပါကြောင်း၊ မဖွံ့ဖြိုး မတိုးတက်သေးသည့် ဧရာ
များနှင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော အတွင်း
ပေါင်းစည်းပေးနိုင်မှသာ ပင်လယ်ပိုင်းဒေသများသ
ဖြစ်၍ ရေရှည်အကျိုးကို မျှော်ကိုး၍ ဒေသတွင်း
များကို ဖောက်လုပ်ပေးနေခြင်းဖြစ်ကြောင်း၊ ဒေ
သွားလာဆက်သွယ်မှု လွယ်ကူမှသာ ကုန်သွယ်
အခြေအနေများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြေ
လည်း အသွားအလာထိတွေ့မှု များပြားပြီး အသိ
မည်ဖြစ်ကြောင်း။
ထို့အပြင် ဤဒေသသည် လေဒဏ် မိုးဒ
ဆက်စပ်နေသော လွင်တီးခေါင်ဒေသမျိုးဖြစ်ရာ မိ
ကိုသာ အားပြုစိုက်ပျိုးနေရသော ဒေသဖြစ်နေ
ဖြစ်ထွန်းနိုင်သော အခြားသီးနှံများကို ရှာဖွေစမ်းသ
ဝင်ငွေတိုးလာအောင် ကြိုးစားကြရန်လိုကြောင်း၊
ရာသီဥတု၊ သယံဇာတတို့ကို အကျိုးရှိစွာ အပြည့်
ကြံဆပြီး အလုပ်လုပ်နေကြရန် အမှန်လိုအပ်ကြေ

ကြိုးကြိုးစားစားလုပ်ကို

စီးပွားရေးတိုးတက်မှုရှိမှသာ ပြည်သူများ
ဖြစ်ထွန်းတည်တံ့မည်ဖြစ်၍ နိုင်ငံတော်ပိုင်းအနေ
စိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍ၊ ဆားလုပ်ငန်း
လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့ကို အလေ
ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း နိုင်ငံ
ချက်တို့ကို မှန်ကန်စွာနားလည်ပြီး ကြိုးကြိုးစားစား
ဖြစ် မှာကြားလမ်းညွှန်သည်။
ထိုမှတစ်ဆင့် နိုင်ငံတော်အကြီးအကဲနှင့် အ
များဖြင့် ထွက်ခွာ၍ စလူဆိပ်၊ သဃ်န်းကြီးနှင့် ထိ
ထူထောင်တည်ဆောက်ထားမှု အခြေအနေများ၊
တည်ဆောက်နေမှုများ၊ သဘာဝဒီရေတောများ
အခြားသီ
နေမှု၊
ထုတ်လုပ်
ပြန်လည်
လှည့်လည်
၁၁နာရီ
ကျေးရွာ
အဖွဲ့ဝင်
ဌာန ဝန်
လုပ်ငန်း
ကျေးရွာ
များမှ

**ကျေ
အိမ်ရာမျ
ဆေးပေး
မှ တွေ့**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် ပြင်စလူမြို့ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မိမိတို့ဒေသ၏ ရေ၊ မြေ၊ ရာသီဥတု၊ သယံဇာတများကို အကျိုးရှိစွာ အပြည့်အဝအသုံးချနိုင်ရန် တွေးခေါ်ကြံဆလုပ်ကိုင်

တိုးချဲ့သင်ကြားပေးလျက်ရှိကြောင်း၊ ထို့အပြင် ပျက်စီးဆုံးရှုံးသွားခဲ့သော ကျေးရွာများကို စနစ်တကျ ပြန်လည်နေရာချ ထူထောင်ပေးခဲ့ပြီးလည်းဖြစ်ကြောင်း။

လက်ငင်းအကျိုးစီးပွား

ဤသည်တို့မှာ မုန်တိုင်းသင့်ဒေသခံပြည်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရရှိနေစေရန်နှင့် မုန်တိုင်းမတိုင်မီ မူလအခြေအနေထက် ပိုမိုအဆင့်အတန်း မြင့်မားစေရန် စသည့် လက်ငင်းအကျိုးစီးပွား လိုအပ်ချက်များအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ယင်းလက်ငင်းအကျိုးစီးပွားများအပြင် ပြည်သူအများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ထားရှိသော အခြားရည်မှန်းချက်များလည်း မိမိတို့၌ရှိပါကြောင်း၊ မဖွံ့ဖြိုး မတိုးတက်သေးသည့် ဧရာဝတီတိုင်း ပင်လယ်ပိုင်းဒေသများနှင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော အတွင်းပိုင်းဒေသများကို ဆက်စပ်ပေါင်းစည်းပေးနိုင်မှသာ ပင်လယ်ပိုင်းဒေသများသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ရေရှည်အကျိုးကို မျှော်ကိုး၍ ဒေသတွင်းဖွံ့ဖြိုးရေး ကွန်ရက်လမ်းသစ်များကို ဖောက်လုပ်ပေးနေခြင်းဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့် တစ်ခုအကြားသွားလာဆက်သွယ်မှု လွယ်ကူမှသာ ကူးသန်းသွားလာရေးအပါအဝင် စီးပွားရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများမှာလည်း အသွားအလာထိတွေ့မှု များပြားပြီး အသိဉာဏ် ဗဟုသုတ တိုးပွားလာမည်ဖြစ်ကြောင်း။

ထို့အပြင် ဤဒေသသည် လေဒဏ် မိုးဒဏ်ခံရသည့် ပင်လယ်ပိုင်းနှင့်ဆက်စပ်နေသော လွင်တီးခေါင်ဒေသမျိုးဖြစ်ရာ မိုးရာသီတွင် မိုးစပါး တစ်သီးကိုသာ အားပြုစိုက်ပျိုးနေရသော ဒေသဖြစ်နေကြောင်း၊ မိုးစပါးပြီးလျှင် ဖြစ်ထွန်းနိုင်သော အခြားသီးနှံများကို ရှာဖွေစမ်းသပ်၍ သီးထပ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးလာအောင် ကြိုးစားကြရန်လိုကြောင်း၊ မိမိတို့ဒေသ၏ ရေ၊ မြေ၊ ရာသီဥတု၊ သယံဇာတတို့ကို အကျိုးရှိစွာ အပြည့်အဝအသုံးချနိုင်ရန် တွေးခေါ်ကြံဆပြီး အလုပ်လုပ်နေကြရန် အမှန်လိုအပ်ကြောင်း။

ကြိုးကြိုးစားစားလုပ်ကိုင်

စီးပွားရေးတိုးတက်မှုရှိမှသာ ပြည်သူများအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတည်တံ့မည်ဖြစ်၍ နိုင်ငံတော်ပိုင်းအနေဖြင့် ဤပင်လယ်ပိုင်းဒေသ၏ စိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍ၊ ဆားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့ကို အလေးထား ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း နိုင်ငံတော်၏ စေတနာနှင့် ရည်မှန်းချက်တို့ကို မှန်ကန်စွာနားလည်ပြီး ကြိုးကြိုးစားစား အလုပ်လုပ်ကြရန်လိုကြောင်းဖြင့် မှာကြားလမ်းညွှန်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာ၍ စလူဆိပ်၊ သဃ်န်းကြီးနှင့် ထိပ်စွန်းကျေးရွာများ ပြန်လည်ထူထောင်တည်ဆောက်ထားမှု အခြေအနေများ၊ Cyclone Shelter များ တည်ဆောက်နေမှုများ၊ သဘာဝဒီရေတောများ ထိန်းသိမ်းထားရှိမှု၊ စပါးနှင့် အခြားသီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှု၊ ဒေသခံပြည်သူများ၏ ဆားထုတ်လုပ်ငန်းနှင့် ရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေမှုအခြေအနေတို့ကို လှည့်လည် ကြည့်ရှုကြပြီး နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ကျောက်ကလပ်ကျေးရွာသို့ ရောက်ရှိကြသည်။

ကျောက်ကလပ်ကျေးရွာ လူနေအိမ်ရာများ၊ စာသင်ကျောင်းနှင့် ဆေးပေးခန်းများ၊ ရုံးများကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

ကြိုဆို

ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များအား သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် လုပ်ငန်းရှင်များ၊ ကျောက်ကလပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ကျောက်ကလပ်၊ ဘုန်းစိုးကြီးနှင့် ကုန်းသာယာကျေးရွာများ ပြန်လည်ထူထောင်၍ လူနေအိမ်ရာများ၊ စာသင်ကျောင်းနှင့် ဆေးပေးခန်းများ၊ ရုံးများ တည်ဆောက်ပြီးစီးမှု၊ လူနေရပ်ကွက်များ ဖွံ့ဖြိုးစည်ပင်လာမှုနှင့် ရွာအဝင်လမ်းမကြီးအား ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်ထားမှုတို့ကို လှည့်လည်ကြည့်ရှုကြရာ ဒေသခံပြည်သူများက ဝမ်းပန်းတသာ လှိုက်လှဲစွာ ကြိုဆိုကြသည်။

ပြန်လည်ထူထောင်ရေး

ထို့နောက် ကုန်းသာယာကျေးရွာ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဗိုလ်ချုပ်မှူးကြီးအား ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က လေဘေးသင့် ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာတွင် မုန်တိုင်းဒဏ်ခံရသော ဘုန်းတော်ပြည့်၊ ခုံကြီး၊ သောင်လေး၊ အောင်ခိုင်၊ အောက်ပွန်ဝ၊ ချောင်းဝ၊ ကံဆိပ်၊ အုတ်တွင်း၊ ကျောက်ကလပ်၊ ကျင်းကော၊ ဒီးဒူးကုန်း၊ ရွှခင်းသာ၊ သဲချောင်း၊ မကြီးချိုင်၊ ကွင်းကြီးနှင့် စက်ဆိပ်ကျေးရွာတို့အတွက် အိမ်ရာ ၁၅၈၇လုံး တည်ဆောက်ပြီးစီးမှု၊ ကျေးရွာများတွင် ယခုအခါ အရိပ်ရပင်များ၊လေကာပင်များဖြင့် ပြန်လည်စိမ်းလန်းစိုပြည်လာမှု၊ ကုန်းသာယာကျေးရွာ ပြန်လည်ထူထောင်ပြီးစီးမှု၊ တိုက်အိမ်များ၊ ဈေးဆိုင်များဖြင့် ဖွံ့ဖြိုးတိုးတက်စည်ပင်လာမှု၊ စီးပွားရေးလုပ်ငန်းများကို ပြန်လည်အသားကျ လုပ်ကိုင်လာနိုင်မှု၊ စပါးနှင့် အခြားသီးနှံများ ပုံမှန်စိုက်ပျိုးနိုင်မှု၊ ဆန်ဖူလုံမှု၊ နှစ်ရှည်ပင်များနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာမှု၊ ဆားထုတ်လုပ်ငန်းများနှင့် ရေလုပ်ငန်းများ ပုံမှန် ပြန်လည်လုပ်ကိုင်လာနိုင်မှု၊ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော စာသင်ကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု၊ အခြေခံစာသင်ကျောင်းများအဆင့်တိုးမြှင့်ပေးမှု၊ ဟိုင်းကြီးကျွန်းမြို့ ဆေးရုံ၊ ပြင်ခရိုင် တိုက်နယ်ဆေးရုံ၊ ကျောက်ချောင်းတိုက်နယ်ဆေးရုံ၊ ကျုံကူးတိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ ပြန်လည်ပြုပြင်တည်ဆောက်ဖွင့်လှစ်ပေးနိုင်မှု၊ လပွတ္တာ- သုံးခွ- အုတ်တွင်း- ထိပ်စွန်းလမ်း ဖောက်လုပ်နေမှုနှင့် တံတားများတည်ဆောက်နေမှု၊ ဒေသအတွင်း၌ သောက်သုံးရေ ဖူလုံရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ Cyclone Shelter တည်ဆောက်နေမှုများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီ၊တက်လမ်းကုမ္ပဏီနှင့် FMI Co.,Ltd. တို့မှ တာဝန်ရှိသူများက ပြင်ခရိုင်၊ ချောင်းဝ၊ သက္ကယ်သောင်နှင့် ကွင်းကြီးကျေးရွာတို့တွင် Cyclone Shelter များ တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အလေးထားလုပ်ကိုင်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက တစ်သီးစား စိုက်ပျိုးမှုမှ နှစ်သီး၊ သုံးသီး သီးထပ်စိုက်ပျိုးနိုင်အောင် ကြိုးပမ်းရန်၊ ရေလုပ်ငန်းအရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန်၊ ဆားလုပ်ငန်းကို ရည်မှန်းချက်ရှိရှိ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော အရင်းအနှီးနှင့် ပစ္စည်းများ ထောက်ပံ့ဖြည့်ဆည်းပေးရန်နှင့် ကျေးရွာများ စည်ပင်သာယာရေးကို အလေးထားလုပ်ကိုင်ရန် မှာကြားသည်။

ဟိုင်းကြီးကျွန်းမြို့ရောက်ရှိ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ကျောက်ကလပ်ကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး လမ်းကြောင်းတစ်လျှောက်ရှိ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း ဖောက်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ ချောင်းဝ၊ ပြင်ခရိုင်နှင့် ဘုန်းတော်ပြည့်ကျေးရွာတို့အား ပြန်လည်ပြုပြင်တည်ဆောက်ထားမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုကြကာ မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမြင့်သန်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ပမ္မဝတီဧည့်ရိပ်သာ၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဗိုလ်မှူးချုပ်မျိုးမြင့်သန်းက ဟိုင်းကြီးကျွန်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှု

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းမြို့ရှိ လမ်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ၊ စာသင်ကျောင်းများနှင့် လူနေအိမ်များ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုနှင့် ဖွံ့ဖြိုးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ပြင်စလူမြို့နယ် လူနေအိမ်ရာများ၊ စာသင်ကျောင်းနှင့် ဆေးပေးခန်းများ၊ ရုံးများကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ဟိုင်းကြီးကျွန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး လမ်းတစ်လျှောက်ရှိ ဇီးချိုင့်၊ ကျုံကူးနှင့် အခြားလေဘေးဒဏ်သင့် ကျေးရွာများ ပြန်လည်ဖွံ့ဖြိုးလာမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ညနေပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ဝင်ငွေတိုးလာအောင် ကြိုးစား

ဤဒေသသည် လေဒဏ်မိုးဒဏ်ခံရသည့် ပင်လယ်ပိုင်းနှင့်ဆက်စပ်နေသော လွင်တီးခေါင်ဒေသမျိုးဖြစ်ရာ မိုးရာသီတွင် မိုးစပါး တစ်သီးကိုသာ အားပြုစိုက်ပျိုးနေရသော ဒေသဖြစ်နေ၊ မိုးစပါးပြီးလျှင် ဖြစ်ထွန်းနိုင်သော အခြားသီးနှံများကို ရှာဖွေစမ်းသပ်၍ သီးထပ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးလာအောင် ကြိုးစား။

ရွှေနှင့်ယိုးမှား ပန်းစံကား တောင်လုံးရန့်ကြိုင်စွလေ ဤကမ္ဘာမြေတစ်ခွင် လရောင်ဆမ်း ငြိမ်းချမ်းအေးမြစေ

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

ပုပ္ပားတောင်မကြီး တောင်ကလပ်နဲ့ တောင်စွယ်တောင်တန်းတွေကို နောက်ခံထားပြီး လှပခေတ်မီစွာ တည်ရှိနေတဲ့ **'ပုပ္ပားတောင်အပန်းဖြေဟိုတယ်'** ကနေ လှမ်းကြည့်လိုက်တဲ့အခါ အေးမြတဲ့ တောင်ကျစမ်းရေနဲ့ ကျောက်တန်းကျောက်ဆောင်တွေ။ စိမ်းစိုမြင့်မားလှတဲ့ တောအုပ်ထူထူတွေနဲ့ အတူ တောလုံး၊ တောင်လုံးအနှံ့ သင်းပျံ့မွှေးထုံနေတဲ့ စံကားဝါပန်းရနံ့တွေရယ်ကြောင့် ကျွန်မတို့အားလုံး ပျော်ရွှင်ကြည်နူး လန်းဆန်းသွားခဲ့ရပါတယ်။

"ပုပ္ပားနတ်တောင်…အခေါင်မြင့်ဖျား
စုံတောပြား၌ နံ့ရှားကြိုင်လွင့်…ခါတန်ပွင့်သည်
ရွှေနှင့်ယိုးမှား…ပန်းစံကား"

ဆိုတဲ့ လင်္ကာလေးကို တီးတိုးရေရွတ်မိရင်း ပန်းပေါင်းဝေဆာဖူးပွင့်ကြိုင်လှိုင်ပြီး စိမ့်စမ်းရေတံခွန်တွေနဲ့ အမြဲထာဝရ စိမ်းလန်းစိုပြည်နေတဲ့ **'အပူပိုင်းဒေသရဲ့အိုအေစစ်'** လို့ တင်စားရလောက်တဲ့ တောင်တော်ရွှေပုပ္ပားဆီကနေ ကျောက်ပန်းတောင်းမြို့ကို ထွက်ခွာလာခဲ့ကြပါတယ်။ ကျောက်ပန်းတောင်းမြို့ဟာ ပုပ္ပားတောင်ကနေ ၁၀မိုင်အကွာခန့်မှာ တည်ရှိပါတယ်။ ကျွန်မတို့အဖွဲ့ဟာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ တာဝန်ပေးချက်အရ ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ လူမှုရေးအသင်းအဖွဲ့များရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ IBTC (International Beverages Trading Co.,Ltd.)ရဲ့ လှူဒါန်းမှုနဲ့ ကျောက်ပန်းတောင်းမြို့နယ်အတွင်းက မျက်စိဝေဒနာရှင်တွေကို အခမဲ့ ခွဲစိတ်ကုသမှုတွေ ဆောင်ရွက်ပေးဖို့ ရောက်လာခဲ့ကြတာ ဖြစ်ပါတယ်။

မကြာသေးမီကမှ အနီးအနားမြို့တွေဖြစ်တဲ့ ညောင်ဦးနဲ့ တောင်သာမြို့တွေမှာ အလင်းအောင်ပွဲအခမ်းအနားတွေ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ပြီးဖြစ်သလို ၂၀၀၈ခုနှစ် နိုဝင်ဘာလက ကျောက်ပန်းတောင်းမြို့မှာ မျက်စိဆရာဝန်တွေ တစ်ကြိမ်လာရောက်ခဲ့ပြီးဖြစ်တာကြောင့် ကျွန်မတို့အဖွဲ့ဟာ လာသာလာခဲ့ရတယ်။ လာပြမယ့် လူနာမှရှိပါ့မလား။ အတွင်းတိမ်ဝေဒနာရှင်မှ တွေ့ရပါဦးမလားဆိုပြီး ထင်နေခဲ့မိပါတယ်။

ဒီလိုခရီးစဉ်တစ်ခု စီစဉ်အောင်မြင်ဖို့ဆိုတာ အချိန်အား၊ လူအားအတော်စိုက်ထုတ်ရသလို တာဝန်ရှိသူတွေ၊ အလှူရှင်တွေနဲ့အတူ အဘက်ဘက်က ကြိုတင်စီစဉ်ရတာ မလွယ်လှပါဘူး။ အဲဒီလိုပဲ ပေးဆပ်ကြရမယ့် ကျွန်မတို့ရဲ့ ပညာလုပ်အား၊ အချိန်နဲ့ငွေကြေးတွေအားလုံးနဲ့ လျော်ညီစွာပဲ ပြည်သူလူထုရဲ့ မျက်စိအလင်းကို ထပ်တူညီမျှ ရစေချင်တဲ့စိတ်စေတနာ အရင်းခံကြောင့် ခရီးစဉ်တိုင်းမှာ ထိုက်ထိုက်တန်တန် ဖြစ်ချင်ပါတယ်ရယ်လို့ မကြာခဏ ပြောခဲ့မိတာပါ။

ဒါကြောင့်လဲ IBTC ကုမ္ပဏီမှ ဦးအောင်မိုးကျော်၊ ဦးတင့်ဦး၊ ညီမငယ် ခင်မွန်မွန်ထွန်းတို့နဲ့အတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနဲ့ ကြိုတင်ညှိနှိုင်းပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ရပါတယ်။ ကျောက်ပန်းတောင်းကို ရောက်ရောက်ချင်းနေ့မှာတော့ လာပြတဲ့လူနာ သိပ်မရှိလှပါဘူး။ ပြင်ပလူနာဌာနမှာ လူနာတွေအုတ်အော်သောင်းတင်းရှိမနေခဲ့ဘဲ မျက်စိဆရာဝန်တွေဟာ ကိုယ့်စားပွဲမှာ ကိုယ်အကျအနထိုင်ပြီး လူနာတွေကို အေးအေးဆေးဆေး ကြည့်ရှုပေးနိုင်ခဲ့ပါတယ်။ ဒါနဲ့ပဲ မြို့နယ်ဥက္ကဋ္ဌက ရွာတွေကို အမြန်ဆုံးဆက်သွယ်ပြီး လူနာတွေ အလွယ်တကူလာနိုင်ဖို့ ထော်လာဂျီတွေ၊ ကားတွေစီစဉ်စေလွှတ်ပြီး ထပ်မံဆော်ဩရပြန်ပါတယ်။ နောက်တစ်နေ့ အောက်တိုဘာ ၁၂ရက်နေ့ မနက်မှာတော့ ရောက်လာလိုက်ကြတာ တဖြည်းဖြည်းနဲ့ OPD မဏ္ဍပ်ကြီးရှေ့မှာ လူတန်းရှည်ကြီးကို တွေ့နေပါပြီ။ မပြလိုက်ရမှာစိုးနေကြတာမို့ မြို့နယ်ဥက္ကဋ္ဌခမျာ အသံချဲ့စက်ကနေ အသံဝင်အောင်ဆော်ဩနေရပါတော့တယ်။

လူနာ ၂၀၀၀ကျော် ရောက်လာပြီ၊ ဒီတစ်နေ့တည်းနဲ့ ပြီးပါ့မလား။ တချို့ကို ပြန်လွှတ်ပေးရမလားလို့မေးတဲ့အခါ ကျွန်မတို့အားလုံးက လုံးဝပြန်မလွှတ်ပါနဲ့၊ မိုးချုပ်လို့ မှောင်သွားပါစေ အားလုံးကို မပြီးမချင်း ကြည့်ပေးမှာပါလို့ ကြေညာခိုင်းရပါတော့တယ်။

မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းအနေနဲ့က ရခိုင်ပြည်နယ် မင်းပြားခရီးစဉ်မှာ ကျွန်မတို့နဲ့အတူ လက်တွဲခဲ့ဖူးပြီး အောင်မြင်မှုတွေရခဲ့ဖူးတဲ့အတွေ့အကြုံရှိပြီးသားမို့ အဘက်ဘက်က ထောင့်စေ့အောင် စီစဉ်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ကျောက်ပန်းတောင်း၊ပုပ္ပား၊ညောင်ဦး၊ချောက်၊ ရေနံချောင်း၊ နတ်မောက်၊ တောင်သာ၊ မြင်းခြံမြို့နယ်တွေက မျက်စိဝေဒနာရှင် စုစုပေါင်း ၄၆၆၁ဦးကို ကြည့်ရှုစစ်ဆေးပေးနိုင်ခဲ့ပြီး အတွင်းတိမ်၄၅၃ဦး၊ မျက်သားတက်လူနာ၂၈ဦး၊ မွေးရာပါအတွင်းတိမ်လေးဦး၊ မျက်စိစွေစောင်းနှစ်ဦးတို့ကို အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ပြီး မျက်မှန်ပါဝါလိုအပ်သူ ၂၃၆၂ဦးတို့ကို ပါဝါမျက်မှန်များ လှူဒါန်းပေးနိုင်ခဲ့ပါတယ်။

ခွဲစိတ်ခန်းထဲမှာ **"အမြှောင်ကန်ကျေးရွာသူ အရီးလေး ဒေါ်ကျင်မေရဲ့ စကားသံကိုလည်း နားထောင်ကြည့်ပါဦး။ အဲဒီအရီးလေးရဲ့မျက်စိက နှစ်ဖက်လုံးရေတိမ်ခွဲထားပြီး နောက်ပိုင်းမှာအတွင်းတိမ်ဖြစ်လာလို့ မမြင်ရတာကြာပါပြီ။ ခွဲရမယ်လည်းဆိုရော ဝမ်းသာအားရနဲ့ ထုံဆေးထိုးတဲ့ ခုတင်ပေါ်ခပ်သွက်သွက်တက်ရင်း အမယ်လေး မနေ့ကပြပြီး ပြန်လာတဲ့သူတွေက ရွာထဲမှာ ပြောလိုက်ကြတာအေ၊ တကယ်ခွဲပေးတာပါတော်၊ လူတွေအများကြီးကို မျက်စိလည်းခွဲပေး၊ ဆေးတွေ၊ မျက်မှန်တွေလည်းပေး၊ ထမင်းလည်းကျွေး၊ ကွေကာအုပ်တွေလည်းပေး၊ ဘုရားပွဲကြီးလှည့်နေသလိုပဲ၊ ပျော်စရာကြီးတော့"** လို့ ပြန်ပြောကြတာနဲ့ အရီးလေးလည်းအပြေးလာခဲ့ရတာလို့ စကားတွေရွှန်းရွှန်းဝေအောင်ပြောနေပါတော့တယ်။ အရီးလေးရဲ့ စကားသံတွေထဲက ဘုရားပွဲကြီးလှည့်နေသလိုပျော်စရာကြီးဆိုတာနဲ့ တကယ်ခွဲပေးတာတော့ ဆိုတဲ့ စကားလုံးတွေက အဓိပ္ပာယ်ရှိလွန်းလှသလို ကျွန်မတို့အတွက်တော့ အားဆေးတွေပါပဲ။

ဒီနေရာမှာ ကျွန်မ တင်ပြချင်တာတစ်ခုက **"ဒီလိုခရီးစဉ်မျိုးတွေကို ဘယ်အချိန်အထိ၊ ဘယ်အတိုင်းအတာတစ်ခုအထိ လုပ်နေမှာလဲ"** ဆိုတဲ့ မေးခွန်းကို ပြန်ဖြေချင်တာပါပဲ။ ကျွန်မတို့ဟာ နိုင်ငံတော်နဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဝန်ထမ်းတွေဖြစ်သလို မျက်စိရောဂါပညာကို သင်ယူတတ်မြောက်ထားသူတွေဖြစ်လို့ ပြည်သူတွေရဲ့ မျက်စိအလင်းကို ဖော်ဆောင်ပေးရမယ့်တာဝန်က ကျွန်မတို့ရဲ့သမိုင်းပေးတာဝန်ပါပဲ။ နိုင်ငံတော်က ပံ့ပိုးမှု၊ ကျန်းမာရေးဝန်ကြီးဌာနရဲ့ တာဝန်ပေးမှုတွေနဲ့ ရှေ့ခရီးကိုဆက်နေဦးမှာပါ။ ကျွန်မတို့သွားခဲ့ကြတဲ့ ခရီးတွေဟာ မြန်မာနိုင်ငံအနှံ့အပြား မျက်စိဆရာဝန်မရှိတဲ့ နေရာဒေသတွေ များပါတယ်။ မျက်စိဆရာဝန်ရှိတဲ့ နေရာမျိုးကို သွားခဲ့ဖူးတာ ရှားပါတယ်။ ဒီတော့ အားကိုးစရာဆေးရုံကြီးလည်းရှိတယ်၊ မျက်စိဆရာဝန်လည်းရှိတယ်ဆိုပေမယ့် ကျွန်မတို့တွေ ကွင်းဆင်းရောက်လာတာနဲ့ မျက်စိဝေဒနာရှင်လူနာတွေ အများကြီးစုစည်းရောက်လာကြတာ ဘာကြောင့်ပါလဲ။

'အခမဲ့' ဆိုတဲ့ စကားလုံးသုံးလုံးကြောင့်ပဲ အားကိုးတကြီး ရောက်လာကြတာလား၊ ဒါမှမဟုတ် တာဝန်ရှိသူတွေ၊ အလှူရှင်တွေနဲ့ NGO အဖွဲ့ဝင်တွေက ထမင်းလည်းကျွေး၊ ဆေးလည်းပေး၊ ကားခ၊ ရထားခ၊ မြင်းလှည်းခ၊ ဆိုက်ကားခကအစ ကုန်ကျစရိတ်မရှိစေရဘဲ အိမ်တိုင်ရာရောက်လာခေါ်ပေးတာကြောင့်လား၊ တကယ်တော့ အားလုံးကြောင့်ပဲဖြစ်မှာပါ။ မျက်စိဆရာဝန်တွေတစ်အုပ်ကြီးက ထောင်ချီတဲ့လူနာတွေအများကြီးကို တစ်နေရာတည်း၊ တစ်ပြိုင်နက်တည်းမှာ တစုတဝေးတည်း ကုသမှုတွေ ပေးနိုင်ကြတာရယ်၊ အလှူရှင်တွေက လိုလေသေးမရှိ လှူဒါန်းကြတာရယ်၊ တာဝန်ရှိသူတွေက အနီးကပ်ကြီးကြပ်ပေးကြတာတွေကြောင့် အုတ်အော်သောင်းတင်း လူအုပ်ကြီးတွေနဲ့ ကြက်ပျံမကျ ဖြစ်နေခဲ့ကြရတာပါ။ အမှန်တကယ် ပြည်သူတွေအကြားမှာ ထဲထဲဝင်ဝင်ခံစားကြည့်တတ်ရင် မြင်သာထင်သာလွန်းလှပါတယ်။ အခက်အခဲပြဿနာတွေဆိုတာ ငွေကြေးဥစ္စာမပြည့်စုံမှု တစ်ခုတည်းကြောင့်မဟုတ်ပါဘူး။ ကျွန်မတို့အဖွဲ့မလာဘူးဆိုရင်လည်း အခုလာပြကြတဲ့သူတွေဟာ သက်ဆိုင်ရာမြို့နယ်ဆေးရုံ၊ ဆေးခန်းတွေဆီ ဘယ်တော့မှမလာနိုင်၊ မပြနိုင်ကြရှာသူတွေပါ။ တစ်နေ့တာ စားရေးတစ်ခုတည်းအတွက်နဲ့ပဲ လှုပ်ရှားရုန်းကန်နေရတဲ့ ဘဝတွေမှာ သူတို့ရဲ့ အမှောင်ဖုံးနေတဲ့မျက်စိကို အိမ်ထဲမှာပဲ ငုတ်တုတ်ထိုင်ရင်း အဆုံးသတ်ခဲ့ရတဲ့သူတို့ဘဝ၊ သူတို့အကြောင်းတွေမျက်စိကွယ်နေရှာတဲ့ မိအိုဖအိုကို လိုက်ပို့မယ့်သူက လယ်ထဲ၊ ယာထဲ၊ ချောင်းထဲမဆင်းနိုင်ရင် တစ်နေ့စားဖို့ ခက်ခဲတဲ့ဘဝတွေ၊ ဆေးရုံရှိရာသွားပြဖို့ ခရီးစရိတ်၊ အချိန်နဲ့ ဆေးဖိုးဝါးခတွေ ဘယ်လိုမှ မတတ်နိုင်လို့ပါဆိုတဲ့ ပြည်သူတွေရဲ့ ရင်တွင်းစကားကို မကြာခဏ ကြားရဖန်များနေတဲ့ ကျွန်မတို့အနေနဲ့ ကိုယ်တတ်ထားတဲ့ပညာကို အရင်းတည်ပြီး မေတ္တာ၊ စေတနာသက်သက်နဲ့ ပေးဆပ်ဖို့ လာခဲ့ကြရတာပါ။

အခုကျောက်ပန်းတောင်းခရီးစဉ်မှာဆိုရင် တာဝန်ရှိသူတွေက ရွာတွေအထိ လိုက်လံခေါ်ယူပြီး အလှူရှင်တွေက ထမင်းကျွေး၊ လူနာနဲ့ လူနာစောင့်တွေ တည်းခိုနိုင်ဖို့ ဆေးရုံနှစ်ထပ်ဆောင်နဲ့ သာသနာ့ဗိမာန်စသဖြင့် သေသေချာချာ စီစဉ်ပေးထားလို့ ဆေးရုံဝင်းတစ်ခုလုံး လူအုပ်ကြီးအဖွေးသားနဲ့ အားလုံးစိတ်ချမ်းသာနေကြပါတယ်။

ဒါ့ကြောင့် ကျွန်မတို့အသက်ရှင်ကျန်းမာနေသရွေ့ တစ်ဖက်ကလည်း ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တွေကို လက်တွေ့အကောင်အထည်ဖော်ရင်း တစ်ဖက်ကလည်း စေတနာသဒ္ဓါတရား ထက်သန်လှတဲ့ အလှူရှင်တွေနဲ့ လက်တွဲညီညီပူးပေါင်းပြီး ပြည်သူတွေရဲ့ဘဝအလင်းကို ဖော်ဆောင်သွားဖို့ အမြဲကြိုးစားနေကြမှာပါ။ ကျွန်မတို့ရဲ့ခရီးစဉ်တိုင်းမှာ လူနာ ၅၀၀၀ လာပြတယ်ဆိုရင် အတွင်းတိမ်လူနာ ၅၀၀လောက် ခွဲပေးခဲ့ရတတ်ပါတယ်။ အဲဒီအတွင်းတိမ်တွေဟာ ဖြူဖွေးရင့်မှည့်ပြီး မကြာခင်ရေတိမ်ဝင်ပြီး ကွယ်တော့မယ့်မျက်စိမျိုးတွေချည်းပါပဲ။ အဲဒီမျက်စိတွေကို ကျွန်မတို့ ကွင်းဆင်းခွဲစိတ်လို့ မြင်သွားကြတဲ့အခါ ကာယကံရှင်ရယ်၊ ဆွေမျိုးသားချင်းတွေရယ်၊ စီစဉ်သူ၊တာဝန်ရှိသူနဲ့ အလှူရှင်တွေဟာ မျက်ရည်ရစ်ဝဲလို့ ပြုံးပျော်ကြည်နူး ဝမ်းသာခဲ့ကြရတာပါ။ ရန်ကုန်မြို့ကြီးမှာ ခွဲစိတ်ပေးတာနဲ့မခြား ကြိုးစားခွဲစိတ်ပေးခဲ့တာချည်းပါပဲ။ 'အမြင်အား' နဲ့ ပတ်သက်ပြီး ပြောရရင်တော့ 'Snellen Chart' ခေါ်တဲ့ မျက်စိဆေးရုံ၊ ဆေးခန်းတွေမှာ အမြင်အားတိုင်းတဲ့ စာလုံးမျိုးတွေကိုထောက်ပြပြီး အောက်ဆုံးတန်းတွေအထိ မြင်နိုင်မှ ရာနှုန်းပြည့်အောင်မြင်တာပါရယ်လို့ ပြောနေကြမယ်ဆိုရင်တော့ ပြည်သူတွေရဲ့ ဘဝအစစ်အမှန်၊ ကျွန်မတို့ခရီးစဉ်ရဲ့ အနှစ်သာရ၊ ကျေးလက်ဒေသအရောက် ကွင်းဆင်းဆောင်ရွက်မှုရဲ့အဓိပ္ပာယ်၊ လက်တွေ့ဖော်ဆောင်မှုရဲ့အခက်အခဲ၊ ကာလဒေသ အချိန်ကာလနဲ့ ရင်းနှီးပေးဆပ်ရတာတွေကို နားမလည်လို့ ပြောကြတာလို့ ဖြေရမှာပါပဲ။

လူတွေရဲ့ အတိတ်ကံအကြောင်းတရားတွေ မတူညီကြလို့ ဘဝဘဝတွေဟာ ချမ်းသာဆင်းရဲ လောကဓံတရားတွေနဲ့ ဆူကြုံနိမ့်မြင့်တွေကြောင့် ဘဝတွေဟာ တစ်ဦးနဲ့တစ်ဦး ဘယ်လိုမှ မတူနိုင်ကြပါဘူး။ ခွဲတိုင်းလည်း မြင်ထိုက်မှ မြင်ရတဲ့သူတွေရှိသလို၊ ခွဲတိုင်းလည်း ရာနှုန်းပြည့် ပြန်မမြင်နိုင်တဲ့ ရောဂါတွေကလည်း ရှိနေကြသေးတာပါ။ အဲဒီ အတိတ်ကံအကြောင်းတရားတွေကိုတော့ ကျွန်မတို့ မြင်နိုင်စွမ်းမရှိပါဘူး။

မျက်စိဆရာဝန်တိုင်း ကိုယ်ခွဲပေးတဲ့ လူနာကို ရာနှုန်းပြည့် ပြန်မြင်စေချင်တဲ့ဆန္ဒကတော့ရှိတယ်ဆိုတာကို ရဲရဲကြီးသစ္စာဆိုဝံ့ပါတယ်။ ကိုယ်ခွဲပေးလိုက်တဲ့လူနာဆီက **"မြင်ရပြီ…လင်းနေတာပဲ"** လို့ ကြားလိုက်ရရင်ပဲ ရင်ထဲမှာပျော်လွန်းလို့ ပီတိတွေဖြစ်နေရတာပါ။ ဘာပဲဖြစ်ဖြစ် သွားခဲ့တဲ့ခရီးစဉ်တိုင်းမှာ မေတ္တာကိုအရင်းတည်၊ စေတနာကိုအုပ်မိုးပြီး ပြည်သူတွေအားလုံး မြင်ပါစေဆိုတဲ့ သစ္စာတရားတွေကြောင့် ပြည်သူတွေဆီက ဝမ်းသာလှိုက်လှဲတဲ့ ပွဲ့တင်သံတွေ ပြန်ကြားရတာနဲ့တင် ပင်ပန်းရကျိုးနပ်လှပါပြီ။

လောကကြီးမှာ အလင်းလေးမျိုးရှိပါတယ်။ **'လမင်းရဲ့အလင်း၊ နေမင်းရဲ့အလင်း၊ မီးရဲ့အလင်း၊ ပညာရဲ့အလင်း'** ဒါတွေအားလုံး ရရှိခံစားနိုင်ဖို့အပြင် ဘဝအလင်း၊ ဓမ္မအလင်းတွေပါ ထပ်မံခံစားပေးနိုင်စွမ်းရှိတဲ့ **'စက္ခုအလင်း'** ကတော့ဖြင့် အဓိကအကျဆုံး ထာဝရအလင်းပါပဲ။ ကျွန်မတို့ ပေးဆပ်ခဲ့တဲ့ တစ်နိုင်ငံလုံးကပြည်သူတွေရဲ့ မျက်စိအလင်းတွေကိုသာ စုစည်းကြည့်လိုက်မယ်ဆိုရင်လေ ပုံခိုင်းနှိုင်းဆလို့မရလောက်အောင် စကြဝဠာကြီးတစ်ခုလုံး ထွန်းလင်းတောက်ပလို့နေမှာပဲရယ်လို့ မြင်ယောင်ခံစားမိရင်း **'မြေလတ်မောင်မြင့်သူ'** ရဲ့ အဖြူထဲကအလင်း ကဗျာထဲကစာသားလေးကို မျှဝေခံစားပေးချင်မိတယ်။

"ခုကောင်းမှ နောင်ကောင်းမယ်
လောကနယ် ကျယ်တဲ့စခန်း
လရောင်ခြည် မြူကိုခွဲသလို
အဖြူထဲမှာ အလင်းဖောက်
ရဲလျှောက်မယ့်လမ်း"

တဲ့။ ကျွန်မတို့ကတော့ လောကကို ဖြူအောင်ဖန်ဆင်းချင်စိတ်နဲ့ အဲဒီအဖြူရောင်ကမ္ဘာထဲမှာ အလင်းတံတားတွေဖောက်၊ အလင်းအိမ်တွေဆောက်၊ အလင်းမီးအိမ်တွေထွန်းညှိ၊ အလင်းခွန်အားတွေကိုဖြစ်တည်စေပြီး အလင်းလမ်းမှာ ရဲရဲကြီး ဆက်လျှောက်နေကြဦးမှာပါပဲ။

ဒီလိုနဲ့ပဲ ကျောက်ပန်းတောင်းခရီးစဉ်က ထင်ထားတာထက် အောင်မြင်ခဲ့ရပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်ရဲ့ညွှန်ကြားမှု၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းရဲ့ စီစဉ်ကြီးကြပ်မှုနဲ့အတူ ကျွန်မတို့ခရီးစဉ်မှာ စလယ်ဆုံး အနီးကပ်အားပေးခဲ့တဲ့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုး၊ ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနဲ့ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်း၊ ဗဟိုဘဏ်ညွှန်ကြားရေးမှူး ဦးအောင်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ကျောက်ပန်းတောင်း(ခရိုင်) ဆေးရုံအုပ် ဒေါက်တာငွေးနိုင်နဲ့ ဆေးရုံဝန်ထမ်းများ၊ အလှူရှင်ဖြစ်တဲ့ IBTCမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများအားလုံးကို ကျေးဇူးစကားဆိုလိုက်ရပါတယ်။ အဲဒီနောက်မှာတော့ ခွဲစိတ်ခန်း၊ OPD နဲ့ ဧည့်ခံကျွေးမွေးရေးစသဖြင့် လိုတဲ့နေရာမှာ ဖြည့်ဆည်းကူညီပေးခဲ့ကြတဲ့ ညီမငယ်ပုံ့ပုံ့နှင့်တကွ သီရိ၊ စုမွန်၊ ဘေဘီ၊ ပြည့်ပြည့်၊ အာကာ၊ ဖြိုးသီဟတို့အားလုံးကိုလည်း မှတ်တမ်းတင်မိပါတယ်။ သူတို့လေးတွေရဲ့ နှလုံးသားလေးတွေဟာလည်း ပကတိအဖြူရောင်သက်သက်ပဲမို့ လူနာတွေရဲ့အကြားမှာ လိပ်ပြာလေးတွေလို လူးလာပျံဝဲ ပျော်ရွှင်နေကြတာ ကြည့်ပြီး ကျွန်မကျေနပ်မိပါတယ်။ မလာခင်အချိန်က အဆင်မှပြေပါ့မလား၊ ကုန်ကျရကျိုး၊ ပင်ပန်းရကျိုးမှ နပ်ပါ့မလားဆိုတဲ့ လားပေါင်းများစွာသော သံသယတွေဟာ ကွယ်ပျောက်ခဲ့ရပြီမို့ အပြန်ခရီးဟာ ချောမွေ့လှပခဲ့ရပါပြီ။

ကောင်းကင်မှာသာနေတဲ့ **'လ'** ဟာ ဘယ်သူ့ကိုမျှ မျက်နှာမလိုက်တမ်း၊ အားလုံးရဲ့ရင်ကို အေးမြငြိမ်းချမ်းစေရပါတယ်။ ဒီတော့လည်းလေ ပန်းပေါင်းဝေဆာဖူးပွင့်ကြိုင်လှိုင်ပြီး ငြိမ်းချမ်းနေတဲ့ တောင်တော်ရွှေပုပ္ပားကို သက်သေတည်လို့ လူသားအားလုံးရဲ့ ချစ်ခင်မြတ်နိုးမှုကိုခံရတဲ့ လမင်းရဲ့အေးမြမှု အလင်းရိပ်အောက်မှာ ချစ်သောကမ္ဘာမြေတစ်ခွင်မှီတင်းနေထိုင်သူတွေ အားလုံး ငြိမ်းချမ်းအေးမြကြပါစေလို့သာ ဆုမွန်တောင်းလိုက်ရပါတော့တယ်။ ။

လောကကြီးမှာ အလင်းလေးမျိုး ရှိပါတယ်။ 'လမင်းရဲ့အလင်း၊ နေမင်းရဲ့အလင်း၊ မီးရဲ့အလင်း၊ ပညာရဲ့အလင်း' ဒါတွေအားလုံး ရရှိ ခံစားနိုင်ဖို့အပြင် ဘဝအလင်း၊ ဓမ္မအလင်းတွေပါ ထပ်မံခံစားပေးနိုင်စွမ်းရှိတဲ့ 'စက္ခုအလင်း' ကတော့ဖြင့် အဓိကအကျဆုံး ထာဝရအလင်းပါပဲ။

4-11 (10).pmd 1 11/4/2009, 1:18 AM

သံတွဲမြို့နယ်၌ ဒီရေတောသစ်ပင် စုပေါင်းစိုက်ပျိုး

သံတွဲ နိုဝင်ဘာ ၃

သံတွဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ဒီရေတောသစ်ပင် စုပေါင်း စိုက်ပျိုးပွဲ အခမ်းအနားကို အောက်တိုဘာ ၂၆ရက် နံနက် ၉နာရီခွဲက သံတွဲမြို့နယ် ကျောက်ကြီးကျေးရွာရှိ တံတားဦး မိုင်တိုင်အမှတ်(၂၁)အနီးရှိ မြစ်ချောင်း၌ ကျင်းပသည်။

ပေးအပ်

ပထမဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ဒီရေတောပျိုးပင်များပေးအပ်ရာ ကျောက်ကြီး ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နိုင်ဦးက လက်ခံယူသည်။

လက်ခံယူ

ဆက်လက်၍ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုဝင်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းမြင့်တို့က ပျိုးပင်များပေးအပ်ရာ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများက လက်ခံယူသည်။

စိုက်ပျိုး

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကျောက်ကြီးချောင်းအတွင်း ဒီရေတောသစ်ပင်များဖြစ်သည့် ဗြူး၊ ခနို၊ လမုပင် စုစုပေါင်းအပင် ၅၀၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

စစ်ကိုင်းတိုင်း၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး သည် အောက်တိုဘာ ၁၈ရက်က ကသာမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ တပ်ရင်းရှိ အရာရှိစစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနား သို့ တက်ရောက်၍ အမှာစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စုပေါင်းပက်ဖျန်း

ထို့နောက် တိုင်းမှူးသည် ကသာမြို့နယ် ပြည်သာယာကျေးရွာအုပ်စု မြို့ဝင်မြို့ထွက် စံပြကွက်၌ကျင်းပသော သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ စုပေါင်းကြဲပက်ပွဲနှင့် ကြိုတင်ကာကွယ် ပိုးသတ်ဆေး စုပေါင်းပက်ဖျန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ ခင်းကျင်းပြသထားသော ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးအမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးပြီး သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ပက်ဖျန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား လိုအပ်သည်များကို မှာကြားသည်။

ပြောကြား

ဆက်လက်၍ တိုင်းမှူးသည် ကသာမြို့ အောင်သပြေလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့မိ မြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားကြသည်။

ဖွင့်လှစ်

ယင်းနောက် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်များသည် ကတ္တရာလမ်းသစ်တစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးသည် ကသာမြို့ ကမ်းနားလမ်းတိုးချဲ့ခြင်းနှင့် ကျောက်ရိုးစီ မြေထိန်းနံရံတည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးသည် ကျောက်ရိုးစီ မြေထိန်းနံရံ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ကမ်းနားလမ်း တိုးချဲ့ဆောင်ရွက်မည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကသာမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ တိုးချဲ့လူနာဆောင်သစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားကာ ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ Air Bagan Ltd. က အဓိကကူညီပံ့ပိုးသော မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2009-2010)၏ တတိယပွဲစဉ်အဖြစ် Air Bagan Open Golf Championships (ပြင်ဦးလွင်) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို နိုဝင်ဘာ ၁ရက် နံနက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ပြင်ဦးလွင်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ချီးမြှင့်

စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးကိုကိုလေးက အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆုရရှိကြသူများအားလည်းကောင်း၊ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းနာယက၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဆန်းဦးက Professional အဆင့်ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇာနည်ဝင်းက အမျိုးသားအပျော်တမ်းပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၉၃ ချက်ဖြင့် တတိယရရှိသော နိုင်ရဲလင်း၊ စုစုပေါင်းရိုက်ချက် ၂၉၁ ချက်ဖြင့် ဒုတိယရရှိသော ဘိုဘို၊ စုစုပေါင်းရိုက်ချက် ၂၇၈ချက်ဖြင့် ပထမရရှိသော မောင်မောင်ဦးတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းနာယက ဗိုလ်မှူးချုပ်ဇေယျာအောင်က Professional Golfers ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၈၆ချက်ဖြင့် တတိယရရှိသော မင်းနိုင်(Srixon)၊ စုစုပေါင်းရိုက်ချက် ၂၈၄ ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇော်လတ်(Srixon)၊ စုစုပေါင်း ရိုက်ချက် ၂၈၄ ချက်ဖြင့် (Sudden Death)တွင် အနိုင်ရရှိပြီး ပထမရရှိသော ယဉ်အောင်လတ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်၍ Air Bagan Ltd. ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက Professional ပြိုင်ပွဲတွင် အနိုင်ရရှိသွားသော ယဉ်အောင်လတ်အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ဝဲပုံ)** မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေအဖွဲ့ဝင် ဦးချမ်းဟန်က ထပ်ဆောင်းဂုဏ်ပြုငွေ ချက်လက်မှတ်ကို ဆက်လက်၍ ပေးအပ်ချီးမြှင့်သည်။

ပံ့ပိုး

အဆိုပါပြိုင်ပွဲတွင် Main Sponsor အဖြစ် Air Bagan Ltd. က အဓိကကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် International Beverages Trading Co.,Ltd.(IBTC), KBZ Bank Ltd., Hotel Yangon, KM Golf Centre, HAN Golf Master Pte., Ltd. Myanmar Thiha Trading Co., Ltd., Bay of Bengal Resort(BOB), (INAX, T-Home), CEPSA Lubricantes, Accel International Co., Ltd. (Canon), Imperial Jade Purified Drinking Water, Lifeline Co.,Ltd., GP Watch, ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းတို့က ထပ်မံပံ့ပိုးကူညီကြသည်။ **(ဂေါက်သီးအဖွဲ့ချုပ်)**

သစ်သားတံတားတည်ဆောက်

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မိုးခိုင်နှင့်အဖွဲ့ အမှတ်(၃)ရပ်ကွက် စွယ်တော်လမ်း သစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၅ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်က ကွပ်ကဲကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ငွေချည်(၆)ဝါစိုက်ပျိုးရေး ပေါင်းတည်၌ဆောင်ရွက်

ပေါင်းတည် နိုဝင်ဘာ ၃

ပေါင်းတည်မြို့နယ်တွင် ငွေချည်(၆)ချည်မျှင်ရှည်ဝါ လျာထားဧက ပြည့်မီစွာ စိုက်ပျိုးပြီး အောင်မြင်စွာ ထွက်ရှိနိုင်ရေး၊ ဝါစိုက်တောင်သူများ၏ နည်းပညာနှင့် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းနိုင်ရေးတို့အတွက် အောက်တိုဘာ ၁၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်၊ မြို့နယ်ဝါလုပ်ငန်းမန်နေဂျာဒေါ်ငွေရီ၊ ဒုတိယမန်နေဂျာ ဦးအောင်စောဦးနှင့် မြို့နယ်စိုက်၊ ညှိအဖွဲ့ဝင်များသည် ပေါင်းတည်မြို့နယ် ရွာသစ်ကြီးအုပ်စုနှင့် ခရိုင်ချင်းဆက်လမ်းဘေးတစ်လျှောက်ရှိ ကျေးရွာအုပ်စုများဖြစ်သော သစ်ပုတ်၊ ပြန်ချီတက်၊ အင်္ဂရာပြည့်၊ ပေါက်တော၊ နွားခြံကုန်း၊ ဇီးပင်လှနှင့် ကြာနီကန်၊ ထန်းတပင် ကျေးရွာအုပ်စုများရှိ ဝါစိုက်ခင်းများသို့ ကွင်းဆင်း၍ တောင်သူများနှင့်တွေ့ဆုံကာ စိုက်စနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ တစ်ဧကအထွက်နှုန်းနှင့် စီးပွားရေးဈေးကွက် အခြေအနေများကို ရှင်းလင်း၍ စိုက်ပျိုးနည်းစနစ်များအား လက်တွေ့ပြသခဲ့ပြီး **(အောက်ပုံ)**၊ မှတ်တိုင်တိုက်နယ်ဆေးရုံ ကိုယ့်အားကိုယ်ကိုး ဓာတ်မှန်ခန်း ဆောက်လုပ်နေမှုများကို ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ **(ဝဇိ၁)**



MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၁၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ခန္ဓာကယောတဲ့တရားနာကြပါ** တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၁၀)
- ၈:၃၀ Sports World
- ၉:၀၀ Zaw Win Htut Emperor 25 th Anniversary Live Show (Part-1)
- ၁၀:၀၀ အားကစားမြင်ကွင်းစုံ
- ၁၀:၅၀ Industrial Talk
- ၁၁:၂၀ **ကိုကိုနော်…ကိုကို** စိုင်းဟိန်း၊ နန်းဆုရတီစိုး (ဒါရိုက်တာ-အဓိပတိ မောင်မောင်ဦး)
- ၁၁:၅၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း)
- ၁၂:၀၀ အဝလွန်ရောဂါဆိုင်ရာအချက်အလက်များနှင့်သကြားအစားထိုး Sucralose (ပါမောက္ခ ဒေါက်တာချစ်စိုး၊ ဒေါက်တာဝင်းထွန်း)
- ၁၂:၂၀ တေးဂီတအစီအစဉ်
- ၁၂:၄၀ Victoria နှင့် တတိယကာရန်
- ၁:၀၀ **ခန္ဓာကယောတဲ့တရားနာကြပါ** တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (မြို့သားဖြစ်တာကောင်းတယ်၊ တောသားဖြစ်တာကောင်းတယ်)
- ၃:၄၀ မြန်မာ့ခြင်းလုံး
- ၃:၅၀ မြန်မာ့အနုပညာ ပန်းငွေထည်လုပ်ငန်း
- ၄:၀၅ ချောင်းမကြီး (မြို့လှ) ရေလှောင်တမံ
- ၄:၁၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (For you)
- ၄:၂၀ **ကိုကိုနော်…ကိုကို** စိုင်းဟိန်း၊ နန်းဆုရတီစိုး (ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး)
- ၄:၅၅ ဒါနဝေဆာပီတိဝေဖြာ မြတ်သောအလှူတော်မင်္ဂလာ
- ၅:၁၅ ပြည်သူများသိသင့်သောဆေးပညာ ကျင့်ဝတ်သိက္ခာများ (အပိုင်း-၃)
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်အောင်မိုး)
- ၆:၄၅ ဗီဒီယိုပြခန်း
- ၇:၀၀ စကားနပန်း (မြို့သားဖြစ်တာကောင်းတယ်၊ တောသားဖြစ်တာကောင်းတယ်)
- ၇:၄၅ စားချင်စဖွယ် နည်းအသွယ်သွယ် (Spicy Chilli Crab with Spring Onion and Steamed Pork Spark Rib Soup with White Pumpkin)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (For you)
- ၈:၄၅ ဓာတ်ပုံထဲမှအမှတ်တရများ (အဲလက်စ်) (အပိုင်း-၁)
- ၉:၀၀ Zaw Win Htut Emperor 25 th Anniversary Live Show (Part-1)
- ၁၀:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၁၀)
- ၁၀:၃၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁:၄၅ Industrial Talk
- ၁၂:၁၅ လက်ဖက်စိုက်တဲ့ရွာကလေး
- ၁၂:၃၀ **အသက်ကလေးရယ်တဲ့ရှည်စေလို** ဦးအောင်လွင်၊ ဦးကြည်စိုး၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
- ၁၂:၄၅ သီချင်းကောင်းကောင်းသီချင်းတောင်း
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့အလင်း နောက်ဆုံးရ အားကစားသတင်းများ

အင်တာအနိုင်ရမည်ဟု မော်ရင်ဟိုပြောကြား

ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အင်တာမီလန်သည် ဒိုင်နမိုကိဗ်အသင်းနှင့် နိုဝင်ဘာ ၅ရက်တွင် ယှဉ်ပြိုင်ကစားရမည့်ပွဲအတွက် အနိုင်ရရှိမည်ဟု ယုံကြည်မှုအပြည့်ရှိကြောင်း အင်တာမီလန်နည်းပြမော်ရင်ဟိုက နိုဝင်ဘာ ၃ရက်၌ ပြောကြားသည်။

ဗန်ပါစီ ပွဲချိန်ပြည့် ပါဝင်ကစားနိုင်ဖွယ်မရှိ

ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အေဇက်အယ်ခမာနှင့် ယှဉ်ပြိုင်ရမည့်ပွဲစဉ်၌ အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီကြွက်သားနာမှုမပြည့်ဝသဖြင့် ပွဲချိန်ပြည့်ပါဝင်ကစားနိုင်ဖွယ် မရှိကြောင်း နည်းပြအာစင်ဝင်းဂါးက နိုဝင်ဘာ၃ရက်၌ ပြောကြားသည်။

အနိုင်ရရေးကြိုးစားမည်ဟု ဖီအိုရင်းတီးနားနောက်ခံလူ ဗာဂတ်စ်ပြောကြား

ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဒီဘရီဆင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့်ပွဲ၌ အနိုင်ရရှိရေး အစွမ်းကုန်ကြိုးစားသွားမည်ဟု ဖီအိုရင်းတီးနားနောက်ခံလူ ဗာဂတ်စ်က နိုဝင်ဘာ ၃ရက်၌ ပြောကြားသည်။

လီဗာပူးအသင်း တိုက်စစ်မှူးဦးအဖြစ် တောရက်စ် ကစားမည်ဟုဆို

လိုင်ယွန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်၌ တိုက်စစ်မှူး တောရက်စ်အား တိုက်စစ်မှူးဦးတင်ကာ ဂိုးသွင်းယူနိုင်ရေး ကြိုးစားသွားမည်ဟု နည်းပြဘင်နီတက်ဇ်က နိုဝင်ဘာ ၃ရက်၌ ပြောကြားသည်။

ဘာစီလိုနာတိုက်စစ်၌ မက်ဆီနှင့် အွန်နရီတို့ ကစားကြမည်

ရူဘင်ကာဇင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်၌ ဘာစီလိုနာ တိုက်စစ်တွင် အီဘရာဟင်မိုဗစ်၊ မက်ဆီ၊ ဘိုဂျန်နှင့် အွန်နရီတို့ကို ထားရှိကစားစေမည် ဖြစ်ကြောင်း နည်းပြ ဂွါဒီရိုလာက နိုဝင်ဘာ ၃ရက်၌ ပြောကြားသည်။

အင်တာမီလန်ဂိုးသမားအဖြစ် ဆီဆာအားတာဝန်ပေးမည်

ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဒိုင်နမိုကိဗ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် အင်တာမီလန်အတွက် ဂိုးသမားအဖြစ် ဂျူလီယိုဆီဆာအား တာဝန်ပေးမည်ဖြစ်ကြောင်း အင်တာမီလန် နည်းပြ မော်ရင်ဟိုက နိုဝင်ဘာ ၃ရက်၌ ပြောကြားသည်။

လိုင်ယွန်အားအနိုင်ရရှိရေးအစွမ်းကုန်ကြိုးစားမည်ဟု လီဗာပူးဂိုးသမား ရေးနာပြောကြား

လိုင်ယွန်အသင်းအား အနိုင်ရရှိရေးအတွက် မိမိအစွမ်းကုန်ကြိုးစားကာကွယ်သွားမည်ဖြစ်ကြောင်း လီဗာပူးဂိုးသမားရေးနာက နိုဝင်ဘာ ၃ ရက်၌ ပြောကြားသည်။

မောင်မောင်မြင့်ဆွေ စုစည်းရေးသားသည်

သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အောင်ဆုပန်လမ်း အမှတ် ၃၈၁/ခ နေ ဒေါ်ပုနှင့် သားသမီးမြေးမြစ်များက ဒေါ်ဥအားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖော်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဖော်ဒေးရှင်းအုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။

(ကင်ဆာဖော်ဒေးရှင်း)

ပုတီးကုန်းအထက အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၃

ပုတီးကုန်းမြို့ အထက ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲတွင် အသက် (၁၀၀)ပြည့် ဆရာကြီး ဦးစံသင်အား ပူဇော်ပွဲနှင့် ဆရာ ၆၃ဦးအား ပူဇော်ပွဲကို နိုဝင်ဘာ၁၂ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း မြသီလာခန်းမ၌ ကျင်းပပြီး မွန်းလွဲ ၁နာရီတွင် ပညာရည်ချွန်ဆုပေးပွဲ (ပုတီးကုန်း အသင်း-ရန်ကုန်)ကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ပူဇော်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ လာရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းနိုင်ရန် ရန်ကုန်မှ ဆရာကြီး၊ ဆရာမကြီးများ ဖုန်း- ၀၉-၅၁-၃၇၅၆၇၊ ကျောင်းအုပ်ဆရာကြီး ဦးသိန်းဝင်း (အထက၊ ပုတီးကုန်း)ဖုန်း-၀၉-၅၃-၇၆၀၅၅၊ ဦးသန့်ဇင် ဥက္ကဋ္ဌ ဖုန်း-၀၅၃၃၈၄၄၊ ဦးချစ်ရင် ဖုန်း-၃၉၆၉၉၉၊ Ex:၂၀၁၃၊ ဒေါ်မြသွင် ဖုန်း-၂၅၄၇၅၁၊ ဦးဝတင် ဖုန်း-၂၉၉၄၆၄၊ ဦးအောင်တင် ဖုန်း-၀၉-၅၀-၃၇၈၄၄၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁-၃၇၅၆၇၊ ဦးခင်ကျော် ဖုန်း-၅၇၃၄၁၈၊ Ex:၂၄၁၊ ဦးအေးကို၊ ဒေါ်မူမူဝင်း ဖုန်း-၅၁၂၄၀၁၊ ဦးမောင်မောင် ဖုန်း-၅၂၇၇၂၉နှင့် ဦးဝင်းစိန် ဖုန်း-၅၅၉၃၄၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

အောက်တိုဘာ ၂၈ရက်က ရန်ကင်း မူလတန်းကြိုကျောင်း၌ ကျင်းပသော ဉာဏစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မောင်တင့်တယ်ဇေယျအား လူမှုဝန်ထမ်း ဦးစီးဌာန လက်ထောက်တိုင်းဦးစီးအရာရှိ ဦးတင်မြင့် ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး) ပန္နရသမအကြိမ် မဟာဘွဲ့နှင်းသဘင် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ ၁၃၆၈-၁၃၆၉ ခု ပညာသင်နှစ်တွင် သာသနတက္ကသီလ ဓမ္မပါရဂူ(Ph.D)ဘွဲ့ နှစ်ပါး၊ သာသန တက္ကသီလမဟာဓမ္မာစရိယဘွဲ့ ၁၅ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့ ၁၀၉ ပါး ရရှိတော်မူသော သံဃာတော်အရှင်သူမြတ် ၁၂၆ ပါးတို့အား ဘွဲ့ဆက်ကပ်မည့် ပန္နရသမအကြိမ် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၇၁ ခုနှစ် နတ်တော်လပြည့်နေ့ (ဒီဇင်ဘာ ၁ရက်) အင်္ဂါနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းသိမ် ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်များထံသို့ ပင့်လျှောက်လွှာများကို စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားပြီးဖြစ်၍ ပင့်လျှောက်လွှာလက်ခံရရှိခြင်း မရှိပါကလည်း ဘွဲ့နှင်းသဘင်သို့ နိုဝင်ဘာ ၂၉ရက် နောက်ဆုံးထား၍ အချိန်မီ ကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက နှိုးဆော် ပင့်လျှောက်ထားကြောင်းနှင့် ယင်းမဟာ ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ပင့်သံဃာတော် ၁၂၂ပါး၊ ဘွဲ့ခံသံဃာတော် ၁၂၆ပါး စုစုပေါင်း ၂၄၈ ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပမည်ဖြစ်ရာ ဆွမ်းဆန် စိမ်းလောင်းလှူလိုသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တစ်ဦးချင်းပုဂ္ဂလိက အလှူရှင်များတို့သည် အတွင်းရေးမှူး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဆွမ်းဆန်စိမ်းလောင်းလှူ ရေး ကော်မတီ ရန်ကုန်တိုင်း ဖုန်း- ၃၇၀၅၀၆၊ ၃၇၀၅၀၇၊ ၂၄၁၁၂၅ သာသနာ တော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဖုန်း-၆၆၁၂၇၅၊ ၆၆၄၃၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ကမမောင်းမြို့ သာယာလှပရေး ဆောင်ရွက်

ကမမောင်း နိုဝင်ဘာ ၃

ကမမောင်းမြို့ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသော ဗိုလ်ချုပ်လမ်းဘေး မြေယာရှင်းအလှပြုပြင်နေမှုနှင့် ဈေးပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုတို့ကို အောက်တိုဘာ ၃၀ရက်က ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကြည့်ရှုစစ်ဆေးရာ မြို့တာဝန်ခံ ဦးကျော်ကျော်လတ် ရှင်းလင်း တင်ပြခဲ့သည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) အာစရိယပူဇော်ပွဲနှင့် စာပေဟောပြောပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)က နိုဝင်ဘာ ၁၁ရက် (အမျိုးသားနေ့) နံနက် ၇နာရီတွင် ရန်ကုန်မြို့၊ စဥ့်အိုးတန်းဆိပ်ကမ်းမှ အမြန်ယာဉ်ဖြင့် ကျိုက်လတ်မြို့သို့ နေ့ချင်းပြန်သွားရောက်၍ အာစရိယပူဇော်ပွဲ၊ ဆရာ ဗိုလ်ကလေးတင့်အောင် ဦးဆောင်သည့် စာပေဟောပြောပွဲများ ကျင်းပပြီး ညနေ ၃နာရီတွင် ကျိုက်လတ်မြို့မှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

ဆက်သွယ်ဝယ်ယူနိုင်

လိုက်ပါလိုသော မြို့နယ်သူမြို့နယ်သားများ၊ မိတ်ဆွေသင်္ဂဟများသည် အသွား အပြန်ယာဉ်စီးခ ကျပ် ၃၀၀၀ နှုန်းဖြင့် ဥက္ကဋ္ဌ ဦးမောင်ညိမ်း ဖုန်း-၆၆၇၁၃၃၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းလွင် ဖုန်း-၂၅၁၂၇၅၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့် ဖုန်း-၂၆၉၂၀၁၊ အတွင်းရေးမှူး ဦးကျော်ရင် ဖုန်း-၅၆၀၅၂၀၊ ဘဏ္ဍာရေးမှူး ဦးအောင်ဆန်း ဖုန်း-၅၅၃၄၃၅နှင့် အသင်းရုံး ဖုန်း-၅၀၁၅၁၈တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

(၂၁)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် (၂၁)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၁၄ရက်(စနေနေ့)မှ ၂၁ ရက်(စနေနေ့)အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းနှင့် သက်ဆိုင်ရာ အားကစားကွင်းများ၌ ကျင်းပမည်ဖြစ်သည်။

ကျင်းပမည်

ပြေးခုန်ပစ်ပြိုင်ပွဲများကို နိုဝင်ဘာ ၁၄ရက်နှင့် ၁၅ ရက်တို့တွင် အောင်ဆန်းကွင်း၌လည်းကောင်း၊ ရေကူးပြိုင်ပွဲကို နိုဝင်ဘာ ၁၆ရက်တွင် အမျိုးသားရေကူးကန်၌လည်းကောင်း၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၆ရက်တွင် မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်၌လည်းကောင်း၊ ထိုင်လျက် ဘော်လီဘောပြိုင်ပွဲကို နိုဝင်ဘာ ၁၇ရက်တွင် အောင်ဆန်းကွင်း မိုးလုံလေလုံ၌လည်းကောင်း၊ ကြက်တောင်ရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၈ ရက်တွင် အမျိုးသားကြက်တောင်ရုံ၊ ကျုံးကြီးလမ်း၌လည်းကောင်း၊ ဉာဏ်ရည်မမီ အားကစား ပြိုင်ပွဲများကို နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် လူငယ်လေ့ကျင့်ရေးစခန်း သုဝဏ္ဏကွင်း၌လည်းကောင်း၊ မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်တွင် တပ်မတော် ဂေါက်ကလပ်၌လည်းကောင်း အသီးသီးကျင်းပမည် ဖြစ်သည်။

ပေးပို့ထား

အကြောင်းကြားစာများကို ပြည်နယ်နှင့်တိုင်းများ၊ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဌာန၊ ကျောင်းများသို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ ပြိုင်ပွဲ အသီးသီးအတွက် ပြိုင်ပွဲဝင် အမည်စာရင်းကို နိုဝင်ဘာ ၇ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း အောင်ဆန်းကွင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ချုပ် ဖုန်း-၀၁-၃၈၂၄၅၅သို့ ပေးပို့ကြရန်၊ အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို အဖွဲ့ချုပ်ရုံးခန်း၌ နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁နာရီတွင် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ပြည်နယ်ရုံး(လွိုင်ကော်)မှ ပြည်နယ် ဦးစီးမှူး ဒေါ်နန်းစိုးစိုးဟတ် နိုဝင်ဘာ ၁ရက်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ပြည်နယ်ရုံး အတွင်း ယာဉ်မောင်းလိုင်စင် လုပ်ငန်း လာရောက် ဆောင်ရွက်သူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဆိုင်ရာ အချက်အလက်များ ရှင်းလင်းပြောကြားစဉ်။

(ကညန)

4-11 (12).pmd 1 11/4/2009, 1:18 AM

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ပြီးစီးခဲ့သော အရှည်ပေ ၁၁၂၀၊ အကျယ် ၁၂ပေရှိ အမှတ်(၃)ရပ်ကွက်အပိုင်း အောင်သပြေလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်တင်တင်စိုး တာဝန်ယူဆောင်ရွက်ပြီး အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်တို့က စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ထားမှုကို ကွင်းဆင်းတိုင်းတာ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာ၌ လောကမျက်မှန်စာကြည့်တိုက် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၁

မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်စု အုတ်ကျင်းကျေးရွာ တွင် လောကမျက်မှန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက် အအုံသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၈နာရီက အုတ်ကျင်းကျေးရွာ လောကမျက်မှန် စာကြည့် တိုက်၌ ကျင်းပသည်။

လောကမျက်မှန် စာကြည့်တိုက် အဆောက်အအုံသစ်ကို မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်မြင့်၊ မိတ္ထီလာခရိုင်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဌေး၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင် နှင့်လောကမျက်မှန်စာကြည့်တိုက်ကော်မတီ နာယက ဦးသန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် အခမ်းအနားကိုဆက်လက် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးအောင်မြင့်က အဖွင့် အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဦးဘိုလှရီက ကျေးရွာစာကြည့်တိုက် များ ရှင်သန်ခိုင်မာရေးကို ရှင်းလင်း ပြော ကြားသည်။ ထို့နောက် စာစောင်များကို ပေးအပ် လှူဒါန်းရာ စာကြည့်တိုက် ကော် မတီဝင်များက လက်ခံယူသည်။

ဆက်လက်၍ အဆောက်အအုံနှင့် ပတ် သက်သော စာရွက်စာတမ်းများကို လွှဲပြောင်း ပေးအပ်ရာ ခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

မွန်ပြည်နယ် စိုက်ပျိုးရေး တိုးတက်မြင့်မားရေးအဖွဲ့ နွေစပါးနှင့်ဆောင်းသီးနှံ တိုးချဲ့စိုက်ပျိုးရေး ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၃

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးဌေးအောင် ဦးဆောင်သော ပြည်နယ်စိုက်ပျိုးရေး တိုးတက်မြင့်မားရေးအဖွဲ့သည် မော်လမြိုင်ခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်စိုက်ပျိုးရေး တိုးတက်မြင့်မား ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့်အတူ အောက်တိုဘာ ၂၇ ရက်က ရေးမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် မုဒုံမြို့နယ်များသို့ သွားရောက်၍ မြို့နယ်စိုက်ပျိုးရေး တိုးတက်မြင့်မားရေးအဖွဲ့များနှင့်တွေ့ဆုံကာ ၂၀၀၉-၂၀၁၀ ခုနှစ် မိုးစပါးသီးနှံများ အလေအလွင့်မရှိစေရန် စနစ်တကျ ရိတ်သိမ်းရေး၊ မိုးစပါးရိတ်သိမ်းပြီးနေရာများတွင် ကွက်လပ်မကျန် သီးထပ်စိုက်ပျိုးရေးတို့ကို အသေးစိတ်ညှိနှိုင်းရေးဆွဲ တာဝန်ပေးအပ်သည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကျော်မြင့်က ဆီထွက်သီးနှံများဖြစ်သော နေကြာသီးထပ် စိုက်ပျိုး ရေးနှင့် သီးညှပ်စိုက်ပျိုးရေးစနစ်များ၊ မြေပဲသီးနှံနှင့် နှမ်းသီးနှံမျိုး သစ်များ တိုးချဲ့စိုက်ပျိုးရေး၊ ပဲမျိုးစုံသီးနှံစိုက်ပျိုးရေးစနစ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ကွင်းဆင်းမည်

မွန်ပြည်နယ်တွင် နွေစပါးဧက ၁၅၀၀၀၀၊ ဆောင်းဆီထွက် သီးနှံဧက ၁၁၆၁၀၀နှင့် ပဲမျိုးစုံဧက ၁၂၀၀၀၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်းနှင့် ပြည်နယ်စိုက်ပျိုးရေး တိုးတက်မြင့်မားရေးအဖွဲ့က မွန်ပြည်နယ်အတွင်းရှိ ကျန်ရှိနေသော မြို့နယ်သို့ ဆက်လက်၍ ကွင်းဆင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရေရရှိရေးအတွက် တောရကျေးရွာ တွင်းနက်တူးခြင်း ရေစက်ရုံနှင့် ရေကန်တည်ဆောက်မှုကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပေါင်မြို့နယ် သပြေရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

ပေါင် နိုဝင်ဘာ ၃

မွန်ပြည်နယ် ပေါင်မြို့နယ် ကော့ကရင်ကျေးရွာ သပြေရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၀ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်၊ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်နှင့် အလှူရှင် ဦးအေးမောင်တို့က စာကြည့် တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အဆိုပါစာကြည့်တိုက်မှာ ကော့ကရင် ကျေးရွာနေ အလှူရှင် ဦးအေးမောင်က ဆောက်လုပ်လှူဒါန်း၍ တန်ဖိုးမှာ ငွေကျပ် ၁၁၂သိန်းဖြစ်ပြီး အလျား၂၈ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန် ကရစ်ခင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရိခေါ်ဒါရ်မြို့ စခန်းသာလမ်း ကျောက်ချောခင်း

ရိခေါ်ဒါရ် နိုဝင်ဘာ ၃

ရိခေါ်ဒါရ်မြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း လုပ်ငန်းဖြစ်သည့် အမှတ်(၂)ရပ်ကွက် စခန်း သာလမ်း (၇၄၀×၁၀)ပေ ကျောက်ချော ခင်းခြင်းလုပ်ငန်းပြီးစီးမှုကို အောက်တိုဘာ ၁၄ရက်က ချင်းပြည်နယ် စည်ပင်သာယာ ရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ တာဝန်ခံ ဦးအောင်ထွန်း လင်းက လမ်းနှင့်ပတ်သက်၍ ထိန်းသိမ်း ရမည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။ **(ပြည်နယ် ပြန်/ဆက်)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ကျန်းမာရေးစောင့်ရှောက်မှု ဆရာဖြစ်သင်တန်းဖွင့်

မန္တလေးတိုင်း ကျန်းမာရေးစောင့်ရှောက်မှုဆရာဖြစ်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၆ရက်က မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး၌ကျင်းပရာ ဒေါက်တာတင်ညိုညို လတ်က မိခင်သေနှုန်းကျဆင်းမှု၊ ကာလသားရောဂါတိုက်ဖျက်ရေးမှ ဒေါက်တာ ကျော်လှိုင်က HIV/AIDS တိုက်ဖျက်ရေးလုပ်ငန်းနှင့် တိုင်းကျန်းမာရေးမှူး ဦးဘမောင် က လူတုပ်ကွေးရောဂါအကြောင်း ဟောပြောပို့ချကြသည်။ (ဝ၉၂)

ဟိုပန်၌ သုတရသစာအုပ်စာစောင်များ လှူဒါန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့ ပန်လုံကျေးရွာစာကြည့်တိုက် အတွက် သုတ ရသစာအုပ်စာစောင် လှူဒါန်းပွဲကို အောက်တိုဘာ ၁၄ ရက်က ကျေးရွာ သုတဘဏ်စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းခမ်း နှင့် စာကြည့်တိုက်လက်ထောက်(၃) ဒေါ်နန်းခင်စန်းဝေတို့က ပန်လုံ၊ နမ့်ခူရှဲ၊ မန်ကောင်း (ပန်လုံ)၊ မန်ခမ်း၊ ဆီပါကျိုင်း၊ ချိန်ဟုန်ကျိုင်း၊ ဖာချမ်းကျေးရွာ စာကြည့်တိုက်များ အတွက် စာကြည့်တိုက်မှူး ဦးအိုက်ခွန်းထံ သုတ ရသစာအုပ် စာစောင်များ ပေးအပ် သည်။ (မြို့နယ် ပြန်/ဆက်)

ကန့်ဘလူမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စု အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အောက်တိုဘာ ၁၃ရက် ညနေက ကန့်ဘလူမြို့နယ် အားကစားကွင်း၌ လိတ္တူကျေးရွာ အုပ်စုအသင်းနှင့် ဇီးကုန်းကျေးရွာအုပ်စုတို့ ယှဉ်ပြိုင်ကြရာ ဇီးကုန်းကျေးရွာ အုပ်စု အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်နှင့် တာဝန်ရှိသူများက ပထမဆုရ ဇီးကုန်းအသင်း၊ ဒုတိယဆုရ လိတ္တူကျေးရွာအသင်း တို့ကို ဆုချီးမြှင့်ပေးအပ်သည်။ (၀၂၇)

ခင်ဦးမြို့၌ အဘိုးအဘွားများ ကျန်းမာရေးစစ်ဆေး

ရွှေဘိုခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်နု ဦးဆောင်၍ ခင်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဘိုးဘွားများ ကျန်းမာရေးစောင့်ရှောက်မှု၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များ ကျန်းမာရေး စစ်ဆေးခြင်းကို အောက်တိုဘာ ၁၄ရက် ညနေ ၄နာရီက ကျင်းပရာ ခရိုင်ကျန်းမာရေး ဦးစီးဌာန ကလေးအထူးကုဆရာဝန်ကြီးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်နိုင်ဦးတို့က ဆေးကုသပေးကြသည်။ (၁၈၂)

ရေစကြို၌ စီမံကိန်းတာဝန်များ ညှိနှိုင်းဆွေးနွေး

မကွေးတိုင်း ရေစကြို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမဆောင်၌ အောက်တိုဘာ ၁၅ရက်က ရပ်ကွက်/ကျေးရွာဥက္ကဋ္ဌများ၊ စာရေးဝန်ထမ်း များအား မြို့နယ်ဥက္ကဋ္ဌ ဦးမြငွေ၊ မြို့နယ်အဖွဲ့ဝင်(၁) ဒုတိယရဲမှူးတင့်ဆွေနှင့် အတွင်းရေးမှူး ဦးရွှေငြိမ်းတို့က တွေ့ဆုံပြီး စီမံကိန်းတာဝန်များ ညှိနှိုင်းဆွေးနွေး ကြသည်။ (၀၆၉)

တမူးမြို့၌ ရှေးဦးသူနာပြုသင်တန်းဆင်း

စစ်ကိုင်းတိုင်း တမူးမြို့နယ် ကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်း အခြေခံ သင်တန်းအမှတ်စဉ်(၁/၂၀၀၉) နှင့် (၂/၂၀၀၉)ဆင်းပွဲအခမ်းအနားကို တမူးမြို့ အထက ကဘော်ခန်းမ၌ အောက်တိုဘာ ၁၁ရက်ကကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကောင်း စံဦးက အမှာစကားပြောကြားပြီး ခရိုင်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ထွေးက သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

ဆီဆိုင် မြို့မဈေး၌ ယင်လုံဆန်ခါဖြင့် ရောင်းချ

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆီဆိုင်မြို့ မြို့မဈေးအတွင်း ရောင်းချ လျက်ရှိသော စားသောက်ဆိုင်များ ကျန်းမာရေးနှင့်ညီညွတ်စေရန် ယင်လုံဆန်ခါဖြင့် ရောင်းချမှုကို အောက်တိုဘာ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးခင်မောင်ခနှင့်ဝန်ထမ်းများ ကြပ်မတ်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ဆင်ဘိုမြို့၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဝန်ထမ်းများ စည်းကမ်းပြည့်ဝစေရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်း ဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ရက် မွန်းလွဲ ၁နာရီက စာကြည့်ခန်းမ၌ကျင်းပရာ စာထောက်-၃ ဒေါ်သင်းသင်းက ဝန်ထမ်းများ ထမ်းဆောင်ရမည့်တာဝန်နှင့် စောင့်ထိန်း ရမည့်ကျင့်ဝတ်ကို ဖတ်ကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးမေက ပြန်လည်ဆွေးနွေး သည်။ (မြို့နယ် ပြန်/ဆက်)

တောင်ကြီး၌ စာဖတ်ရှိန်မြှင့်တင်ရေးဆွေးနွေး

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အောက်တိုဘာ၆ရက်က ခရိုင်ရုံး၌ စာဖတ် ဝိုင်းကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဒေါ်မေလွင်က အမှာစကားပြောကြားပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၉) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာများကို အငယ်တန်းစာရေး ဒေါ်ခိုင်ကြည်ဝင်းနှင့် ဝန်ထမ်းများက အလှည့်ကျဖတ်ကြားကာ ဆွေးနွေးသုံးသပ်ကြ သည်။ (ခရိုင် ပြန်/ဆက်)

ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းသို့ ငွေလှူဒါန်း

ရန်ကုန်မြို့နေ ပေါင်မြို့နယ် ကော့ကရင်ကျေးရွာမှ အလှူရှင် ဦးအေးမောင်က ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် အသုံးပြုရန် အလှူငွေကျပ်ငါးသိန်းကို အောက်တိုဘာ ၃၀ရက် နံနက် ၁၀နာရီက အဆိုပါကျေးရွာ၌ ပေးအပ်လှူဒါန်းရာ ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက လက်ခံယူသည်။ (၁၇၆)

ဖျာပုံမြို့ မြောက်ပိုင်းကျောင်း မြတ်ဆရာပူဇော်မည်

ဖျာပုံ နိုဝင်ဘာ ၂၉

လွန်ခဲ့သော နှစ်ပေါင်း ၇၀ကျော်က ဖွင့်လှစ်ခဲ့သည့် ဖျာပုံမြို့မြောက်ပိုင်းကျောင်း (ယခုအမက-၁၂)တွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဒေါက်တာဦးလှိုင်မြင့် ဖုန်း-၀၄၅-၄၀၂၅၃၊ ဦးကျော်နီထွန်း ဖုန်း-၀၉-၈၅၉-၀၁၂၈၊ ၀၁-၅၀၁၆၆၃ (လိုင်းခွဲ-၅၀၃)၊ ဦးတင့်ဇော် ဖုန်း-၀၄၅-၄၀၉၀၂၊ ဦးထင်အောင် ဖုန်း-၀၄၅-၄၀၁၈၅၊ ဦးကျော်ဝင်းသန်း ဖုန်း-၀၄၅- ၄၁၃၉၉၊ ဦးမင်းမင်းကြွယ် ဖုန်း-၀၄၅-၄၀၉၇၉၊ ဦးကျော်စိုးမိုး ဖုန်း-၀၄၅-၄၀၉၁၃၊ ဒေါ်စန်းစန်းညွန့် ဖုန်း-၀၄၅-၄၀၀၆၀ နှင့် ဦးတင်ထွန်းနိုင် ဖုန်း-၀၄၅-၄၀၃၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၃၇)

အောက်တိုဘာ၂၃ရက်က မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် တိုးဧရာပန်းခြံအတွင်း ပန်းအလှပင်များ ပျိုးထောင်မှု၊ အပင်ရုပ်လုံးသွင်း အလှပုံဖော်ထားရှိမှု၊ မြေယာရှုခင်း အလှများ ပုံဖော်ထားရှိမှုတို့ကို ဧရာဝတီတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေး၊ တာဝန်ခံအင်ဂျင်နီယာ ဦးအာကာမြတ်သူတို့က လုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်နှင့်လမ်းစည်းကမ်းအညီ စနစ်တကျပြေးဆွဲရေးနှင့် ခရီးသွားများ အန္တရာယ်ကင်းရှင်းရေး ညှိနှိုင်းစည်းဝေး

မုံရွာ အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်း မုံရွာမြို့မှ ဒေသအသီးသီးသို့ နေ့စဉ်ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျပြေးဆွဲစေရေးနှင့် ခရီးသွားပြည်သူများအား အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ကြစေရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၉ရက် နံနက် ၉နာရီက မုံရွာမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စုံညီစွာတက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ဦးသန်းကျော်ဖေ(တိုင်းဦးစီးမှူး) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ဦးခင်သန်း တိုင်းဦးစီးမှူး (ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန)၊ ဒုတိယရဲမှူးစိုင်းဆိုင်ဝမ်း(ယာဉ်ထိန်းတပ်ဖွဲ့)၊ ဦးအောင်ဝင်း ဥက္ကဋ္ဌ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ စုံညီစွာတက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ဦးသန်းကျော်ဖေ (တိုင်းဦးစီးမှူး) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန**(အပေါ်ယာပုံ)**၊ ဦးခင်သန်း(တိုင်းဦးစီးမှူး)နှင့် ဒုတိယရဲမှူးစိုင်းဆိုင်ဝမ်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။ (ခရိုင် ပြန်/ဆက်)

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် ဝန်ထမ်းများ၊ ကံမမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာမိုးဟိန်းနှင့်ဝန်ထမ်းများ၊ ကံမမြို့ မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော ဆားများတွင် အိုင်အိုဒင်းဆား ပါဝင်မှုရှိ မရှိကို အောက်တိုဘာ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး အိုင်အိုဒင်းပါဝင်သော ဆားများကိုသာ ရောင်းချရန် ပညာပေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဒေးဒရဲ၌ ငါးသယံဇာတ ပိုမိုကြွယ်ဝစေရေး စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ဒေးဒရဲ အောက်တိုဘာ ၃၁

ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးကြပ်ဦးဆောင်မှုဖြင့် ငါးသယံဇာတ ပိုမိုကြွယ်ဝလာစေရေး၊ ငါးမျိုး ပိုမိုပြန့်ပွားတိုးတက်လာစေရေး၊ သဘာဝလယ်ကွင်းများတွင် ငါးမျိုးများ ပြန်လည်တည်တံ့စေရေး၊ ကျေးလက်နေပြည်သူများ ငါးစားသုံးမှု ဖူလုံစေရေးတို့အတွက် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၃ရက်က ဒေးဒရဲမြို့နယ် ချောင်ဖျားကျေးရွာအုပ်စုနှင့် ဆင်ထုကျေးရွာအုပ်စုအတွင်းရှိ ရေကျနောက်စိုက်လယ် ကေ၂၅၀အတွင်း ကျင်းပသည်။ **(အပေါ်ပုံ)**

လွှဲအပ်ပေး

အခမ်းအနားတွင် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းထိုက်နှင့် ဝန်ထမ်းများက စပါးခင်းများအတွင်း ငါးခုံးမကြီးကောင်ရေ ၁၂၅၀၀ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်းနှင့် တောင်သူဦးရေ ၃၀အား ငါးမျိုးများ လွှဲအပ်ပေးခဲ့ကြောင်း သိရသည်။

(ငါးလုပ်ငန်းဦးစီး)

မြို့နယ် သတင်းများ

ကျေးလက်နေပြည်သူများ လူမှုဘဝအဆင့်အတန်း မြင့်မားရေးအတွက် ပေါက်မြို့နယ် ရေပြာကျေးရွာတွင် အိမ်ပိုင်ရှင် ဦးသိန်းအောင်၏ ကျေးလက်အိမ်ရာ ဆောက်လုပ်နေမှုကို ပေါက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လင်းနှင့်အဖွဲ့ ဝန်ထမ်းများက ကြီးကြပ်ဆောက်လုပ်ကြစဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်များအတွက် သုတ ရသစာအုပ်များ လှူဒါန်း

နေပြည်တော်တပ်ကုန်း အောက်တိုဘာ၂၇

နေပြည်တော်တပ်ကုန်းမြို့ ဦးကျော်စွာလင်း(ပုလဲငွေရောင်ဓာတ်မြေသြဇာဆိုင်)မှ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ ရသစာအုပ်မျိုးစုံ ၁၀၉ အုပ်ကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့လှူဒါန်းရာ ဦးစီးမှူး ဦးတင်ထူးက လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိတ္ထီလာမြို့ ထမုန်ကန်ကျေးရွာ စာကြည့်တိုက် ပန္နက်ရိုက်ပွဲကျင်းပ

မိတ္ထီလာ အောက်တိုဘာ ၂၈

မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာ ကျေးရွာကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက် ပန္နက်ရိုက်၊ အုတ်မြစ်စီအခမ်းအနားကို စက်တင်ဘာ ၂၀ရက် နံနက်၉နာရီက ထမုန်ကန်ကျေးရွာ စာကြည့်တိုက်မြေနေရာ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က အုတ်မြစ်စီပေးသည်။ အဆိုပါပန္နက်ရိုက်၊ အုတ်မြစ်စီ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီ၊ ဒုတိယဦးစီးမှူး ဦးမျိုးမင်းဇော်၊ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်တည်ဆောက်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

အပြီးဆောက်လုပ်

အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်မှ ငွေကျပ်၁၀သိန်းမတည်၍ ကျေးလက်ပြည်သူများ ထည့်ဝင်လှူဒါန်းငွေဖြင့် စုစုပေါင်းသိန်း၂၀ကျော်တန် အဆောက်အအုံကို သတ်မှတ်ကာလအတွင်း အပြီးဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်ဖွံ့ဖြိုးရေး မြင်းမူ၌ ဆွေးနွေး

မြင်းမူ အောက်တိုဘာ ၂၅

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြင်းမူမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ လိုက်ပါလျက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆွေးနွေးပွဲကို အောက်တိုဘာ ၁၁ရက်က ကျော့မင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဦးစီးမှူး ဦးသိန်းတန်က ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများက မိမိတို့၏ဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း အပိုင်း(၁)ကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နီနီအောင် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင် ကွင်းဆင်းကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လောင်းလုံးမြို့နယ် မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပစေရေး အတွက်(ဃ)ရပ်ကွက် ဗိုလ်ဗထူး လမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် ကတ်တုံးများ ပြုလုပ်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂ ရက်က အငယ်တန်း အင်ဂျင်နီယာ(၂)ဦးမိုးဇော်နှင့် အမှုဆောင် အရာရှိ ဦးထွန်းမြင့် တို့က ကြီးကြပ် ဆောင်ရွက်စဉ်။
(မြို့နယ် ပြန်/ဆက်)

ကျောင်းကုန်းမြို့နယ်၌ မြို့နှင့်ကျေးရွာချင်းဆက်တံတားသစ်ဖွင့်

ကျောင်းကုန်း အောက်တိုဘာ ၂၈

ငွေကျပ် ၁၆ သိန်းကျော်တန် ကိုယ့်အားကိုယ်ကိုး မြို့နှင့်ကျေးရွာချင်းဆက် တံတားသစ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ရက် နံနက် ၉နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ရွှေကြာအင်းကျေးရွာရှိ အဆိုပါမင်္ဂလာ တံတား၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးကျော်နှင့် အလှူရှင်များကိုယ်စား အလှူရှင်ဦးညိမ်းဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးကျော်တို့က အမှာစကား ပြောကြားကြပြီး တံတားဖြစ်မြောက်ရေး ကော်မတီဝင် ဦးတင်လှက တံတားဆောက်လုပ်မှုကို ရှင်းလင်းပြောကြားသည်။

ဆောက်လုပ်

အဆိုပါတံတားမှာ အလှူရှင်များ ဖြစ်ကြသော ဦးညိမ်းဟန်-ဒေါ်ခင်စန်းငွေ က ငွေကျပ် ခြောက်သိန်း၊ ဦးတင်လှ-ဒေါ်ဝင်းမာငွေက ငွေကျပ်သုံးသိန်း၊ ဦးသိန်းထွန်း-ဒေါ်တင်တင်နုက ငွေကျပ် နှစ်သိန်း တို့ဖြင့်မတည်၍ ရွာသူရွာသားများ စုပေါင်း ထည့်ဝင်ငွေနှင့် ပေါင်းစပ်ပြီး ငွေကျပ် ၁၆၇၀၅၀၀ဖြင့် အကုန်အကျခံ ဆောက်လုပ်သည့်တံတားဖြစ်ပြီး တံတားမှာ အလျားပေ ၂၀၊ အမြင့် ၉ ပေခွဲနှင့် အကျယ် ၆ ပေရှိပြီး အာရ်စီအုတ်ခုံ ကွန်ကရစ်ခင်းတံတား ဖြစ်သည်။ (၁၅၄)

ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းရဲတပ်ဖွဲ့မှူး လက်ပံတန်းရဲစခန်းစစ်ဆေး

လက်ပံတန်း အောက်တိုဘာ ၃၀

ပဲခူးတိုင်း(အနောက်ပိုင်း) မြန်မာနိုင်ငံရဲတပ်ဖွဲ့ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်းသည် အောက်တိုဘာ ၂၁ရက် နံနက် ၁၀နာရီက သာယာဝတီခရိုင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝမ်းမောင်လိုက်ပါလျက် လက်ပံတန်းရဲစခန်းသို့ ရောက်ရှိပြီး ရဲစခန်းဗဟိုကင်းစစ်ဆေးခြင်း၊ ရဲစခန်း သန့်ရှင်းလှပရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများစစ်ဆေးရာ စခန်းမှူး ရဲအုပ်ဝင်းနိုင်က ရှင်းလင်းတင်ပြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်လတ်က ဖြည့်စွက်တင်ပြသည်။ (၁၇၅)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းအဖြစ် ဆောင်ရွက်မည့် အမှတ် (၅)ရပ်ကွက် သုခလမ်း အပိုင်း(၂) ကတ္တရာလမ်းပေါက်ဖာထေးခြင်းနှင့် ကျောက်များစုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ ဦးကျော်သူရတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒုတိယညွှန်ကြားရေးမှူး ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်၏ ဦးဆောင်မှုဖြင့် မိုင်းယန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးအောင်ကျော်ဦးက မိုင်းယန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်သိန်းထံ အောက်တိုဘာ ၁၉ ရက်က ကျောင်းသား ကျောင်းသူများ၏ အသက် (၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၉၂ ခုကို ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ကောလင်း ဘိုးဘွားရိပ်သာ တည်ဆောက်ရေးညှိနှိုင်း

ကောလင်း အောက်တိုဘာ ၃၀

ကောလင်းမြို့နယ်အတွင်းရှိ သက်ကြီးရွယ်အို ၅၀ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တည်ဆောက်လျက်ရှိသော ငွေကျပ်သိန်း ၁၆၀၀ ကုန်ကျမည့် ဘိုးဘွားရိပ်သာအဆောက်အအုံအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၇ရက် မွန်းလွဲ ၁ နာရီက ဘိုးဘွားရိပ်သာခန်းမဆောင်၌ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးဝင်းအောင်၊ အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဝင်းသိမ်း၊ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလေး၊ ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

ဆက်သွယ်လှူဒါန်း

ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်အတွင်းရေးမှူး ဦးဝင်းအောင်၊ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလေးတို့က အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌဦးရဲမြင့်က ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းတည်ဆောက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဘိုးဘွားရိပ်သာတည်ဆောက်မှုမှာ စဝရာခိုင်နှုန်းပြီးစီးပြီး ကုန်ကျမည့်ငွေ ကျပ်သိန်း ၁၆၀၀ အနက် လိုအပ်ငွေကျပ်သိန်း ၇၀၀ပြည့်မီရေးအတွက် ရပ်နီးရပ်ဝေးမှ ငွေကြေးလှူဒါန်းလိုသူများ ဖုန်း-၀၇၅-၄၂၄၁၃၊၄၂၁၅၄၊ ၄၂၀၁၂နှင့် ၄၂၀၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၃၂)

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မိတ္ထီလာခရိုင်တရားရုံး

၂၀၀၉ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀၉

ဘဏ်ခွဲမန်နေဂျာ	၁။ ဦးကံကြည်
မြန်မာ့စီးပွားရေးဘဏ် **နှင့်**	၂။ ဒေါ်ခင်သန်းငွေ
ဝမ်းတွင်းမြို့။	အမှတ် (၂)ရပ်ကွက်၊
	ဝမ်းတွင်းမြို့။
တရားနိုင်	**တရားရှုံးများ**

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၅၈တွင် ရရှိသော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၇ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့၊ (၂)ရပ်ကွက်၊ ကွင်းမြို့ကွက် အမှတ်(အမ်)၊ ဦးပိုင်အမှတ် (အမ်-၁၂ အေ၊ အမ် ၆ အေ)၊ ဧရိယာ ၀ဒသမ၀၈ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၉×၁၆)ပေရှိ နံကပ်တစ်ထပ်တိုက်နှင့် (၁၇×၁၇) ပေ၊ သွပ်မိုး၊ နံကပ်တစ်ထပ်တိုက်နှင့် တိုက်ကြား (၁၇×၈) ပေ သွပ်မိုး၊ နံကပ် အဖီအဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ် ၂၄၅ သိန်း။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သီမာနွယ်
ဒုတိယခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး။

လက်ထပ်ပြီးစီးခြင်း

တောင်ကြီးမြို့၊ ချွာညိုလမ်း၊ ပြည်တော်သာရပ်၊ အမှတ် ၂၂၃ နေ စိုင်းလှိုင်းဝမ်း(ဘ) ဦးစိုင်းလိတ် ၁၃/ကပန(နိုင်)၀၁၃၄၆၈ ကိုင်ဆောင်သူနှင့် ပုသိမ်မြို့၊ ဈေးရပ်တန်းလမ်း၊ အမှတ် (၄၃/အေ)နေ မစုသန့်ဇင်(ဘ)ဦးဝင်းစိုး ၁၄/ပသန(နိုင်)၁၉၆၄၂၇ ကိုင်ဆောင်သူတို့သည် ၁၇-၈-၂၀၀၉ရက်က တောင်ကြီးမြို့ မြို့နယ်တရားရုံးတွင် အသိသက်သေများ ရှေ့၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။ **စိုင်းလှိုင်းဝမ်း-မစုသန့်ဇင်။**





ပသုံးလုံးဝိပဿနာပညာ ဆရာဖြစ်သင်တန်းဖွင့်မည်

ပသုံးလုံးဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်၏ (၁၆)ကြိမ်မြောက် ရဟန်းတော်များ ဝိပဿနာပညာ ဆရာဖြစ်သင်တန်းကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၃ ရက်(တနင်္ဂနွေနေ့)မှစ၍ တစ်လတိတိ ဗဟန်းမြို့နယ် ကြားတောရလမ်း ပသုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၌ ဖွင့်လှစ်မည်။

နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ ပထမကြီးတန်းမှစ၍ စာအားရှိသော ရဟန်းတော်များ လျှောက်ထားနိုင်သည်။ ဖုန်း-၃၇၇၇၃၁၊ ၃၇၈၁၃၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုဒုံမြို့ မြို့မ(၂)ရပ်ကွက်၊ အမှတ် ၂၉၄၊ မော်-သံလမ်းနေ ဦးသောင်းမြင့် ၁၀/မဒန(နိုင်)၀၂၃၉၃၅နှင့် ဒေါ်သန်းသန်းရီ ၁၀/မဒန (နိုင်) ၀၂၃၉၂၇တို့၏သမီး မမြတ်ကေခိုင်ဦး ၁၀/မဒန(နိုင်)၁၇၅၂၂၈သည် မိဘ၊မောင်နှမများအား စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ လုံးဝ(လုံးဝ)တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဖခင်-ဦးသောင်းမြင့်**
မိခင်- ဒေါ်သန်းသန်းရီ။

၁၉၈၅ခုနှစ် စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၅)နှစ်မြောက်ငွေရတုအထိမ်းအမှတ်အာစရိယပူဇော်ပွဲ

၁၉၈၅ ခုနှစ်စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၅)နှစ်မြောက်ငွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁၆ ရက်(စနေနေ့)နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပရန်စီစဉ်ထားပါသည်။အဆိုပါအာစရိယပူဇော်ပွဲတွင် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ရန် မေတ္တာရပ်ခံအပ်ပါသည်။ဒေါက်တာအောင်ဆွေ ဖုန်း-၀၉-၅၁၁-၃၇၂၄၊ ဒေါ်ဝါဝါသိန်း ဖုန်း-၀၉-၂၀၃-၃၅၈၃၊ ဒေါ်မာမာဝေ ဖုန်း-၀၄၂-၂၄၅၁၇၊ ဒေါ်ရီရီသိန်း ဖုန်း -၀၆၇-၄၁၆၅၁၈၊ ဒေါ်ခင်စန်းမြင့် ဖုန်း-၀၆၇-၄၁၀၁၄၁၊ ၀၆၇-၄၁၀၄၉၈ တို့သို့ လှူဒါန်းနိုင်ပါကြောင်းအသိပေးနှိုးဆော်အပ်ပါသည်။

သင့်သွေးဖြင့် အသက်ကယ်ပါ

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မလမ/၃၆၂၇၃၊ Honda Wave 100 ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့်ဦး KMW-၁၄၁၉၁၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ပြည်နယ်ဦးစီးမှူးရုံး)၊ မော်လမြိုင်မြို့။**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း သတင်းမှတ်စု အညွှန်း

တိမ်အသင့် အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။

ချင်းတွင်းတံတား(မုံရွာ)

ဒေသဖွံ့ဖြိုးရေးနှင့် နယ်စပ်ကုန်သွယ်ရေးကို အထောက်အကူပြုလျက်ရှိသည့် ချင်းတွင်းတံတား(မုံရွာ)။ (အေးသန္တာသိန်းနှင့် မြကေခိုင်စိုးတို့၏ သတင်းမှတ်စု စာမျက်နှာ ၅ တွင် ဖတ်ရှုနိုင်ပါသည်။)

ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း